To the real Jonathan Seagull,
who lives within us all.



# ယောနသံ ဇင်ယော်

## ဦးအသန်း ( ဓမ္မိက )

# Jonathan Livingston Seagull

## Richard Bach

မြန်မာ့မျှားနတ်မောင်
COMMUNITY FORUMS

http://myanmarcupid.net




## Proudly Presented by



**Venus000006**

Member ID : 4161
Member Since : 06/08/2006

**Venus** သိုင်းလောက၏ နတ်သမီး

စာသားတစ်မျက်နှာလျှင် ငွေကျပ်တစ်သန်းနှင့် တန်နေသော
ဤအံ့ဘနန်း စာအုပ်မူရင်း

## ယောနသံ ဖင်ယော်၏
## ထူးထွေ ဆန်းပြားပုံ (၆) ချက်

(၁) ဖြစ်ပေါ်လာပုံအထူး
စာရေးသူကိုယ်တိုင်က ဝန်ခံသည်မှာ သူသည် ဤစာအုပ်ကို ရေးသူသာဖြစ်၍ ပြုစုသူမှာ သူမဟုတ်ရပါကြောင်း၊ ပြုစုသူသည် ဤကမ္ဘာမှ အခြားပုဂ္ဂိုလ် တစ်ဦးလည်း မဟုတ်ပါတဲ့။

(၂) ကျော်ကြားလာပုံအထူး
ကြော်ငြာ အတွက် အထူးတလည် ငွေကုန်ကြေးကျ မခံရဘဲ၊ လေညာတွင်ပန်းရှိ လေအောက်ကသိ ဆိုသလို စာပေသတင်း နှုတ်လေညှင်း သက်သက်ဖြင့်သာ တွင်ကျယ်လာခြင်း ဖြစ်သည်။

(၃) အနက်အဓိပ္ပါယ်ထူးပုံ
စာအနေကျဉ်းသလောက် စာအနက်ကျယ်သည်။ ကြီးငယ်မဟူ ဖတ်ရှုသူတိုင်းသည် လောကီလောကုတ် အကျိုးအတွက် မိမိတို့အကြိုက် စရိုက်ဝါသနာ အထုံအလိုက် အဓိပ္ပါယ်ကောက်ကြပြီး ပီတိဖြစ်လျက် စံနှုန်းပြုဖွယ် အတုယူဖွယ် အချက်များကို တွေ့ကြသည်ချည်း ဖြစ်သည်။ ဖတ်ဖူးသော သူက အခြားသူများကိုလည်း အတင်းဖတ်ခိုင်းသည်ချည်း ဖြစ်သည်။

(၄) စာဖတ်ပရိသတ်ထူးပုံ
လူအလွှာအကုန်နှင့် လူတန်းစားအားလုံးကို အုပ်ခြုံ စပ်ဟပ်မိနေလေသောကြောင့်၊ ကမ္ဘာ့အနောက် တစ်ခြမ်းတွင် ဆယ်ကျော်သက်များမှ သက်ကြီးရွယ်အိုများအထိ၊ ကျောင်းသူကျောင်းသားများမှသည် ပါမောက္ခများအထိ၊ အလုပ်သမားများမှသည် ဒါရိုက်တာ မန်နေဂျာများအထိ၊ ဘာသာရေး အယုံအကြည် မရှိသူများမှသည် ဘာသာမျိုးစုံ ဂိုဏ်းချုပ်ဂိုဏ်းအုပ်များအထိ၊ ကုန်သည် လယ်လုပ် ပွဲစားမကျန် ဝယ်ကြ၊ ဖတ်ကြ၊ ဆွေးနွေးကြ ဖောက်သည်ချကြ၊ ဝေဖန်ကြ၊ ရှုံ့ချကြ၊ ချီးမွမ်းကြ၊ လက်ဆောင်အဖြစ် ဝယ်ပေးကြနှင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေကြသည်။

(၅) ငွေစည်ပုံအထူး
ရနှင့်ပြီး ငွေဒေါ်လာ (၇၄) သိန်း ညီမျှ ကျပ်ငွေ (၄) ကုဋေ့ထဲတွင် နိုင်ငံတကာအား ထပ်မံရိုက်နှိပ်ဖြန့်ဖြူးခွင့် ဘာသာပြန်ထုတ်ဝေခွင့်များကို ရောင်းချ၍ရသော ငွေများနှင့် ရုပ်ရှင်ရိုက်ပြီး၍ ပြသသောအခါ ပေါ်လာဦးမည့် အမြတ်ငွေ၏ ရာခိုင်နှုန်း ငါးဆယ်တို့ မပါဝင်သေးချေ၊ ယင်းငွေများမပါသေးဘဲ လောလောဆယ် စာတစ်လုံး ကျပ် ၅၀၀၀ဝ နှုန်း စည်နှင့်နေသည်။ ( ၁၉၇၀ ကျော်က တန်ဖိုးဖြစ်ပါသည်။ ယခုတန်ဖိုးကို မှန်းကြည့်ကြပါ။)

(၆) အရောင်းရသက်တမ်းရှည်ပုံအထူး
ကမ္ဘာ့စာအုပ်လောကတွင် အရောင်းရဆုံး မည်သည့်စာအုပ်မဆို ထုတ်ဝေသောအခါမှစ၍ ၄–၅–၆ လသာလျှင် အရောင်းရဆုံး စာအုပ်စာရင်းတွင် ဆက်ပါနေနိုင်သည်။ ဤစာအုပ်မူ ၁၉၇၀ ခုနှစ်မှစ၍၊ ယခု ၁၉၇၃ ခုနှစ် ဇူလိုင်လတိုင်အောင်လည်း ကမ္ဘာ့အရောင်းရဆုံး စာအုပ်ဆယ်အုပ် စာရင်းစဉ်ကြီးတွင် ဆက်တိုက်ပါဝင်မြဲ ပါဝင်နေဆဲဖြစ်သည်။

မာတိကာ

အပိုင်း (၁)

ငှက်အုပ်လောကကို စွန့်ခွာလိုခြင်း . . . . . . . ၁

အကြဉ်ခံရခြင်း . . . . . . . . . . . . . . . . . ၆

အပိုင်း (၂)

ကမ်းကုန်အောင် တတ်စွမ်းခြင်း . . . . . . . . ၉

ငှက်အုပ်လောကသို့ ပြန်သွားခြင်း . . . . . . . ၁၄

သင်တန်းစခြင်း . . . . . . . . . . . . . . . . . ၁၇

အပိုင်း (၃)

ဆရာမုနိ . . . . . . . . . . . . . . . . . . . . .၁၉

သေခြင်း . . . . . . . . . . . . . . . . . . . . .၂၄

ချစ်ခြင်းတရားတော်မြတ် . . . . . . . . . . . . ၂၇

# အပိုင်း (၁)
# ငှက်အုပ်လောကကို စွန့်လိုခြင်း

အချိန်သည်ကား နံနက်ခင်း။ သစ်လွင်သော နေမင်းသည် သိမ်မွေ့လှသော ပင်လယ်ပြင်၏ အိရရိလှိုင်းငယ်များကို ရွှေအဆင်းတလက်လက်ဖြင့် ပြိုးပြက်တင့်လျှမ်းနေစေ၏။

ကမ်းခြေမှ တစ်မိုင်အကွာတွင် တံငါလှေတစ်စင်းသည် ပင်လယ်ရေကို ဖက်နမ်းမွှေယမ်းလျက်ရှိ၏။ ငှက်ဇင်ယော် အပေါင်းအဖို့ နံနက်စာ သစ်စည်ရိုက်သံသည် လေထုကို ဖြတ်ကျော်လာ၍ အကောင်တထောင်ကျော် ပါရှိသော ပင်လယ်ဇင်ယော် ငှက်တစ်အုပ်သည် ပေါ်လာပြီး အစာများကို သူထက်ငါ တိုးဝှေ့ လုယက်နေကြကုန်၏။ ဇင်ယော်များအဖို့ ပျားပန်းခပ်မျှ အလုပ်များသော နေ့တနေ့၏ အစပေတည်း။

သို့သော်လည်း ယောနသံဇင်ယော်မူကား လှေနှင့်လည်းမနီး ကမ်းနှင့်လည်းဝေးကွာသော နေရာတွင် သူချည်း တကောင်ထည်းတည်း အပျံလေ့ကျင့်နေလေ၏။ ပေတရာ အမြင့်ကောင်းကင်တွင် သူခြေထောက်များကို အောက်သို့ချ၍ နှုတ်သီးကိုမော့ကာ တောင်ပံများကို ကိုင်းညွှတ်လာအောင်ပြုလျက် ခက်ခဲနာကျင်စွာဖြင့် အပျံလေ့ကျင့်နေ၏။ တောင်ပံများကို ကိုင်းညွှတ်လာအောင် ပြုလုပ်ခြင်းသည် အပျံနှေးခြင်းငှာ စွမ်းနိုင်လေသည်။ သူ့မျက်နှာကို လေပြေလေညှင်း သာသာကလေးတိုးကာမျှသာ ဖြစ်သည့်တိုင်အောင်လည်းကောင်း၊ ပင်လယ်သည် သူ့အောက်တည့်တည့်၌ တန့်ရပ်နေဟန် ရှိလာသည့် တိုင်အောင်လည်းကောင်း သူသည် အရှိန်ကို လျှော့၍လျှော့၍ ချနေ၏။ သူသည် မျက်စိများကို မှေးကာ ကြောက်ဖွယ်လိလိ စူးစူးစိုက်စိုက် ကြည့်လျက် အသက်အောင့်၍ တောင်ပံများကို တလက် . . . မ . . . မျှ ပို၍ ကိုင်းညွှတ်လိုက်သည်။ ထိုအခါ သူ့အမွေးများသည် ထောင်ကြွလာပြီးလျှင် သူသည် ရပ်သေးကြိုးပြတ် ဘုံးဘုံးကြီး အောက်သို့ကျလေ၏။

ပင်လယ်ဇင်ယော်တို့ဟူသည် အပျံတွင် မည်သည့်အခါမျှ တိမ်းယိုင်ခြင်းလည်း မရှိရိုးအမှန်။ ဘယ်သောအခါမျှ တလိမ့်ခေါက်ကွေး ကျခြင်းလည်း မရှိရိုးအမှန်။ ပင်လယ်ဇင်ယော်တို့ အဖို့ ဤသို့ဖြစ်ရခြင်းသည် ရှက်ဖွယ်လိလိဖြစ်၍ ဂုဏ်သိက္ခာလည်း ကျဘိ၏။

သို့သော်လည်း ယောနသံဇင်ယော်သည် ကလေကဝ ကောက်ကရ ငှက်ပြိန်းတကောင်မဟုတ်။ မရှက်မကြောက်ဘဲ တောင်ပံများကို ထပ်မံ၍ဖြန့်ကာ၊ ထပ်မံ၍ တုန်တုန်ခါခါ ခက်ခက်ခဲခဲ ကိုင်းညွှတ်ကာသာ အရှိန်အဟုန် လျှော့ရာလျှော့ရာမှ အတောင်များလေခို၍ တဖန်ကျပြန်သော်လည်း အရှုံးမပေးဘဲ တဖန် အားသစ်လေ့ရှိသော ငှက်စွမ်းကောင်းပေတည်း။

ပင်လယ်ဇင်ယော် အမြောက်အမြားသည် ကမ်းခြေမှသည် အစာရှိရာသို့ အစာရှိမှသည် ကမ်းခြေသို့ သမရိုးကျအတိုင်းသာ ပျံတတ်ကြ၏။ ထို့ထက်ပို၍ အပျံတတ်အောင် ဂရုမမူကြ။ ငှက်ဇင်ယော် အများစုအဖို့ ပျံသန်းမှုသည် အရေးကြီးသောကိစ္စ မဟုတ်။ သူတို့အဖို့ အစားစားမှု သာလျှင် အရေးကြီး၏။ ယောနသံဇင်ယော်အဖို့မူ အစာက ကိစ္စမကြီးလှ၊ အပျံသာလျှင် ကိစ္စကြီးဖြစ်၏။ ပျံသန်းခြင်း အတတ်ပညာကိုသာလျှင် အရာရာထက်သူပို မြတ်နိုး၏။

သူ၏ ဤအတွေးအခေါ် အယူအဆသည် သူ့အား အခြားဇင်ယော်များနှင့် ခပ်တန်းတန်း ဖြစ်စေ၏။ တနေကုန် တကောင်ထည်းတည်း အကြိမ်ပေါင်း ရာနှင့်ချီ၍ အနိမ့်တွင် အတောင်ဖြန့်လျက် ဆန်းဆန်းကြယ်ကြယ် လေဟုန်စီး အမျိုးမျိုးကို စမ်းသပ်လျက် လေ့ကျင့်နေသော ယောနသံကိုကြည့်၍ သူ့မိဘများကသော်ပင် ကြောက်လန့်စိုးရိမ်ခြင်းဖြင့် သူ့အပေါ် စိတ်ပျက်လာကြ၏။

သူ့အဖို့ အသိဉာဏ်တမျိုး တိုးလာ၏။ ဘာကြောင့်ဟူ၍မူ သူမသိ။ ရေပြင်အထက် သူ့တောင်ပံတစ်ဖက်စာမျှပင် မရှိလှသော အမြင့်မျိုး၌ သူပျံလေလျှင် သူသည် လေထဲ၌ အားသိပ်မစိုက်ရပဲ ပို၍ ကြာကြာနေနိုင်၏။ အခြားဇင်ယော်များ လုပ်နေကျအတိုင်း ခြေစုံချ၍ ရေပြင်သို့ ဆင်းသက်ခြင်းမျိုးကိုလည်း သူပြုလေ့ပြုထမရှိ။ ခြေစုံကို ကိုယ်နှင့် တပြေးတညီတည်းဖြစ်အောင် နောက်သို့ ပစ်ကပ်လျက်သာ ရေပြင်သို့ သူလျှောဆင်းလေ့ရှိ၏။ ကမ်းခြေသို့ အကပ်တွင်လည်း သူသည် ဤနည်းနှင်နှင် ခြေများကို တွဲလောင်းမချဘဲ လျှောဆင်း၏။ ခြေထောက်၍ မှီသောနေရာမှစ၍ ကုန်းဘက်သို့လည်း သဲပြင်ပေါ်တွင် တလှမ်းခြင်း လျှောက်လာလေ့ရှိ၏။ ဤဇင်ယော် မဆန်သော အကျင့်မျိုးကို မြင်ရကြသော သူ့မိဘများသည် သူ့အပေါ် အကြီးအကျယ် အမှန်ပင် စိတ်ပျက်ကြ၏။

သူ့မိခင်က သူ့အား ဤသို့မေး၏။ "ဘာဖြစ်လို့၊ ယောရယ်။ ဒီအုပ်ထဲက မိရိုးဖလာ တခြားငှက်တွေလို ဇင်ချင်းမျှမျှ ယော်ချင်းတူတူ ဖြစ်လာအောင်လုပ်ဖို့ မင်းအတွက် ဘောက်မယ်ကြောင့် ခက်နေရတာတုံး။ မင်းဟာ ပယ်လီကင်ငှက် အယ်လ်ဗက်စထရော့စ် ငှက်များကို ဘောက်မယ်ကြောင့် တုတုပြီး အနိမ့်ပျံ ကျင့်ကျင့်နေရတာတုံး။ ဘောက်မယ့်ကြောင့် အစားကိုလဲ မစားတော့တာလဲ၊ ယောနသံရယ် . . . မင်းဟာ အရိုးနဲ့ အမွေးချည်း လျှပ်လျှပ်သာ ရှိတော့တယ်။

"အရိုးနဲ့ အမွေးချည်းပဲ ရှိတော့တာကို ကျနော်မမှုပါဘူး မေမေရယ်။ ကျနော်လဲ လေထဲမှာ ဘာကိုလုပ်နိုင်ပီး ဘာကို မလုပ်နိုင်သလဲ ဆိုတာကို ကျနော်သိချင်နေတာပါပဲ။ တခြားမဟုတ်ပါဘူး။ ဒါပါပဲ။ ကျနော်သိချင်နေလို့ပါ။"

သူ့ဖခင်ကလည်း သူ့အား သနားသောအားဖြင့် ဤသို့ဆို၏။ "ဆောင်းဥတုလဲ မဝေးတော့ဘူး၊ လှေတွေလဲ အလာနည်းတော့မယ်။ ရေပြင်က ငါးတွေလဲ ရေနက်ထဲ ပြောင်းကူးကြတော့မယ်။ မင်းဟာ အတတ်တခုခုကို လေ့လာမှဖြစ်မယ်ဆိုယင် အစားအတတ်နဲ့ အစားရဖို့ အတတ်ကိုသာ လေ့လာစမ်းပါ။ ဒီအပျံအလုပ်ဟာ ကောင်းတော့ ကောင်းပေမယ်လို့ လေဟုန်စီးတဲ့ အလုပ်မျိုးဆိုတာ စားရတာမျိုးမှ မဟုတ်ပဲ၊ မင်းလဲ သိသားပဲ မဟုတ်လား။ မင်းပျံရတဲ့ အကြောင်းရင်းဟာ အစားစားမှုအတွက် ဖြစ်တယ်ဆိုတာ မင်းမမေ့စမ်းပါနဲ့။"

ယောနသံသည် ဤချေချွတ် ဆုံးမချက်ကို လက်ခံသောအမူအရာဖြင့် ရိုကျိုးစွာ ခေါင်းညိတ်၏။ နောက် ရက်အနည်းငယ်ခန့်တွင် သူသည် အခြားဇင်ယော်များနည်းတူ နေထိုင်ပြုကျင့်ရန် ကြိုးစားတော့၏။ တကယ်ပင် ကြိုးစားပေသည်။ တံငါလှေများနှင့် ဘေတံတားတိုင်များ တဝိုက်တွင် ပေါင်မုံ့ အပိုင်းအစများကို ထိုးသုတ်ကာနေ၏။ သို့သော်လည်း သူသည် ဤအလုပ်မျိုးကို ဆက်၍ လုပ်မနေနိုင်။

အဓိပ္ပါယ်မရှိသည့် အလုပ်မျိုးဟု သူထင်မိသည်။ ဘယ့်နှယ်ဗျာ၊ ဇင်ယော်အို အင်္ကျီကြီးတကောင်က သူ့ကိုလိုက်ထိုးလို့ သူ့အလုအယက် ကြိုးစားရယူထားတဲ့ ငါးအငယ်ကလေး တစ်ကောင်ကို တမင်တကာ ချပေးလိုက်ရတယ် မဟုတ်လား။ ဒီအစားအတွက် ကုန်ရတဲ့ အချိန်တွေကို အပျံလေ့ကျင့်ခြင်းဖြင့်သာ ကုန်လွန်စေဖို့ ကောင်းတာ။ လေ့လာစရာ သင်ယူစရာ နိဿယည်းတွေကလဲ အများကြီးတောင်မှပဲ။

များမကြာမီ ယောနသံဇင်ယော်သည် ပင်လယ်ထဲ၌ သူချည်းထီးတည်း ဖြစ်နေပြန်၏။ ဆာလောင်လျက် ပျော်ရွှင်လျက် အပျံပြန်၍ လေ့ကျင့်လျက်ရှိ၏။

သူလေ့ကျင့်သင်ယူနေသည်ကား လျင်မြန်မှုဖြစ်၏။ ရက်သတ္တပတ် တစ်ပတ်ခန့်မျှသာ လေ့ကျင့်ပြီးသေး၏။ သို့လောက်ကျင့်ကာမျှပင် သူသည် အလျင်မြန်ဆုံးဟူသော အသက်ရှင်ဆဲ ဇင်ယော်ထက်ပင် လျင်မြန်ခြင်း အကြောင်းကို ပို၍ သိရှိ တတ်ကျွမ်းလာ၏။

ပေတစ်ထောင်အမြင့် အာကာသယ်တွင် သူသည် သူ၏ တောင်ပံများကို အစွမ်းကုန်ရိုက်ခတ်လျက် အရှိန်ယူပြီးနောက် ထိုအရှိန်အဟုန်ဖြင့် ရုတ်ခြည်းဇောက်ထိုးပြုကာ တည့်တည့်မတ်မတ်ကြီး အောက်ရှိ ပင်လယ်လှိုင်းများဆီသို့ မီးပွင့်လုမတတ် စိုက်ထိုးဆင်းသက်၏။ ဤသို့ စိုက်ထိုးဆင်းသက်မှုမှာ ဇင်ယော်ငှက်များအဖို့ အလွန့်အလွန် ခဲယဉ်းသော အလုပ်မျိုးဖြစ်ကြောင်းကို သူသည် ဤတစ်ကြိမ်မျှဖြင့် သိ၏။ ခြောက်စက္ကန့်ကာလအတွင်းပင် သူသည် တစ်နာရီလျှင် မိုင်(၇၀) နှုန်းဖြင့် လှုပ်ရှားနေ၏။ ဤနှုန်းသို့ ရောက်လျှင် ငှက်များအဖို့ စိုက်ထိုးကျဆင်းနေရာမှ အပေါ်သို့ ပြန်၍ ကော့တက်နိုင်အောင် တောင်ပံများ အနေအထားကို အပြောင်းရ အထိန်းရ အလွန်ပင်ခက်ခဲ၏။

သူသည် အကြိမ်ကြိမ် ဤသို့ဖြစ်၏။ မည်သို့ပင် သတိထားသော်ငြားလည်း၊ မည်သို့ပင် အစွမ်းကုန် အားသစ်သော်ငြားလည်း အမြန်နှုန်း ကြီးလာတိုင်း ကြီးလာတိုင်း ဤနည်း နှင်နှင်ပင် သူ့ကိုယ်သူ မထိန်းနိုင်ဖြစ်၏။

ပေတစ်ထောင်အမြင့် အကာဖွေသို့ သူတက်ပြီးလျှင် ရှေးဦးစွာ ရှေတည့်တည့် အားကုန်ပျံ၏။ ထိုနောက်အောက်သို့ စောက်ထိုးထောင်လိုက်ကြီး စိုက်ချလိုက်၏။ ပြန်၍ကော့တက်ရာတွင် သူ၏ လက်ဝဲဘက်အတောင်ပံသည် လေခိုသွား၍ သူသည် လက်ဝဲဘက်ဆီသို့ အရှိန်ပြင်းစွာဖြင့် လူးလိမ့်သွား၏။ သူ၏ လက်ယာဘက် တောင်ပံဖြင့် ပြန်၍ထိန်းလိုက်ရာတွင် ထိုတောင်ပံလည်း လေခိုသွားပြန်သဖြင့် သူသည် လက်ယာဘက်ဆီသို့ ဂျင်ကဲ့သို့ ပတ်ချာလည်လျက် တလိမ့်ခေါက်ကွေး ကျပြန်၏။

ဤတစ်ကြိမ် ပြန်အတက်တွင်လည်း သူသတိလစ်သွားပြန်၏။ ဆယ်ကြိမ်မြောက်အထိ သူကြိုးစားပြန်၏။ ထိုဆယ်ကြိမ်စလုံး တွင်ပင် တစ်နာရီလျှင် မိုင် (၇၀) နှုန်းသို့ ရောက်ရှိသောအခါတိုင်း အခါတိုင်း သူသည် အမွေးများ တဖွားဖွားဖြင့် ထိန်းမနိုင် သိမ်းမရဖြစ်ကာ ပင်လယ်ရေထဲသို့ ဝုန်းကနဲ ခွေးကျကျ၏။

သူသည် ရွှဲရွှဲစိုသော ရေဝတ်လုံကြီးဖြင့် နောက်ဆုံးတွင် ဤသို့ထင်မိ၏။ ဤအခက်၏ သော့ချက်သည် အမြန်နှုန်းကြီး လာသောအခါ တောင်ပံများကို မလှုပ်နိုင်အောင် ထိန်းထားနိုင်ခြင်း ဖြစ်လိမ့်မည်။ တောင်ပံများကို အကြိမ် ငါးဆယ်အထိ ရိုက်ခတ်ပြီးလျှင် မလှုပ်အောင် ထိန်းထားနိုင်ခြင်း ဖြစ်လိမ့်မည်။

ပေနှစ်ထောင်အမြင့် ဗလာဖွေသို့တက်၍ ကြိုးစားပြန်၏။ အောက်သို့ စိုက်ချပြန်၏။ နှုတ်သီးကို အောက်စိုက်လျက် တောင်ပံများကို အကုန်ဖြန့်လျက် တစ်နာရီလျှင် မိုင်ငါးဆယ်နှုန်းကို ကျော်သည့်အခါမှစ၍ သူကိုယ်သူ ထိန်းထားနိုင်၏။ အလွန်အလွန် အားထုတ်ရလေ၏။ ဤတစ်ကြိမ်၌မူ သူအောင်မြင်၏။ ဆယ်စက္ကန့်ကာလအတွင်း သူသည် တစ်နာရီလျှင် မိုင်ကိုးဆယ်နှုန်းသို့ ရောက်ရှိလေ၏။ ယောနသံဇင်ယော်သည် ဇင်ယော်များအဖို့ ကမ္ဘာ့အလျင်နှုန်း စံချိန်သစ် တင်လိုက်ပေပြီ။ သို့သော် ဤအောင်မြင်ခြင်းသည် ခဏတာမျှသာ ကြာ၏။ စိုက်ဆင်းနေရာမှ ပြန်၍မတ်လိုက်ပြီးလျှင် သူတောင်ပံများ၏ ထောင့်ချိုးကို ပြင်လိုက်သည့် အခြားမဲ့၌ ယခင်အကြိမ်များ အတိုင်းပင် ထိန်းမနိုင် သိမ်းမရ မရှုမလှ ဖြစ်ရပြန်၏။ တစ်နာရီလျှင် မိုင်ကိုးဆယ်နှုန်းသို့ ရောက်လေသော် လေထုသည် သူ့အား ဒိုင်းနမိုက်အတူ ထိခိုက်လာ၏။ ယောနသံ ဇင်ယော်သည် လေထဲတွင် ပေါက်ကွဲကာ ပင်လယ်ပြင် အုတ်ခင်းပေါ်သို့ ဝုန်းကနဲ ကျရချေ၏။

သူသတိပြန်ရလာသောအခါ နေရောင်ပျောက်ကွယ်သွားခဲ့သည်မှာ ကြာလှပေပြီ။ ပင်လယ်ပြင်ဝယ် လရောင်ထဲ၌ မျောနေ၏။ သူ့တောင်ပံများသည် နှုတ်ခမ်းနားများ စုတ်ပြတ်နေသော ခဲချောင်းများသဖွယ် လေးလံလာ၏။ ထိုတောင်ပံများထက်ပင် ပို၍လေးသော အလေးချိန်မျိုးဖြင့် ဆုံးရှုံးမှုသည် သူ့ကြောပြင်ပေါ်ဝယ် ပိုဖိတွန်းချလျက်ရှိ၏။ ထိုအလေးချိန်က သူ့အား ပင်လယ်အောက်ခြေသို့ ဆိုက်ရောက်အောင် ဆွဲချသွားနိုင်ပါစေဟူ၍ပင် မာန်လျှော့ကာ မတုန်တက်သေးနှင့် ဆန္ဒပြုမိ၏။ ဒါမှသာ ကိစ္စငြိမ်းပေလိမ့်မည်။

ရေထဲသို့ နစ်မြုပ်သွားစဉ် သူ့အတွင်း သန္တာန်ထဲ၌ ထူးဆန်း၍ လှိုဏ်သံပါသော အသံသြောကြီးတစ်ခုကို ကြားရ၏။ “ဝေ့လည်ကြောင်ပတ်လုပ်နေလို့ ဘယ်ရပ့်မလဲကွာ။ ငါဟာ ဇင်ယော်တစ်ကောင်ပဲ။ ငါ့သဘာဝကို ငါလွန်ဆန်လို့ ဘယ်ရပမလဲ။ ပျံသန်းခြင်း အတတ်ကို ဒါလောက်တောင် ငါတတ်ကျွမ်းရမယ်ဆိုရင် ငါ့ခေါင်းထဲမှာ ဦးနှောက်များအစား လေကြောင်းအတတ် ပုံစံချပ်တွေသာ ရှိရမှာပေါ့။ ငါဒီလောက်တောင် မြန်မြန်ကြီး ပျံနိုင်ရမယ်ဆိုရင် ငါ့မှာ သိမ်းငှက်များလို အတောင်များတိုနေရမှာပေါ့။ ငါးကိုမစားဘဲ ကြွက်ကိုသာ စားနေရမှာပေါ့။ ငါ့အဖေ ပြောတာမှန်တယ်။ ဒီမိုက်တွင်းနက်မှုကို ငါမေ့ပစ်ရမယ်။ တခြားဇင်ယော်များရှိတဲ့ ငါ့ငှက်အုပ်ရှိရာကို ငါပြန်သွားရမယ်။ ရိုးရိုးသာမာန် ဇင်ယော်တစ်ကောင် အဖြစ်နဲ့ပဲ ငါရောင့်ရဲနေနိုင်ရမယ်။

ထိုအသံသည် တဖြည်းဖြည်း ပျောက်ကွယ်လေ၏။ ပင်လယ်ဇင်ယော်ငှက်များအဖို့ ညအခါ ကျက်စားရာနေရာသည် ကမ်းခြေသာဖြစ်၏။ ထိုအခိုက်မှစ၍ ယောနသံသည် သာမန်ဇင်ယော် တစ်ကောင်အဖြစ်နှင့်သာ နေတော့မည်ဟု အဓိဋ္ဌာန်ပြုလိုက်၏။

သူ့မိဘများနှင့် သူ့အဖော်အားလုံးတို့လည်း သူ့ပြောင်းလဲလာမှုကို ကျေနပ်ကြပြီးလျှင် စိတ်နှလုံး ပို၍ ချမ်းမြေ့ကြလိမ့်မည်။

သူသည် နုံးချိချိဖြင့် မှောင်မဲနေသော ရေပြင်မှ အပေါ်သို့ ပျံတက်၏။ သူတတ်ပြီးသားဖြစ်သည့် သိပ်အားမစိုက်ရသော အနိမ့်ပျံနည်း အတတ်ကို သူပြန်၍ ကျေးဇူးတင်မိသည်။

အနိမ့်ပျံ ပျံနေမိလျက်သား ဖြစ်နေသည်ကို သူသတိရ၍ ဒီလိုဘယ်ဟုတ်မလဲ၊ ငါဟာ အရင်တုန်းက ငါမှ မဟုတ်တော့ဘဲ။ အရင်တုန်းက တတ်ခဲ့ဖူးသမျှကို ငါဟာ မကျင့်သုံးရတော့ဘူး၊ တခြား ဇင်ယော်တွေနဲ့ ငါဟာ တူတူဘဲမဟုတ်လား၊ တခြား ဇင်ယော်တွေလိုပဲ ငါပျံရမယ်။ ထို့ကြောင့် သူသည် ပေတစ်ရာ အမြင့်သို့ ပျံတက်ပြီးလျှင် ကမ်းဘက်ဆီသို့ တွင်တွင်ကြီး ဝေဟင် ခရီးနှင်လေ၏။

ငှက်အုပ်ထဲမှ ရိုးရိုးငှက်တစ်ကောင် အဖြစ်နှင့်သာ နေတော့မည်ဟု စိတ်ပိုင်းဖြစ်ပြီးမှ သူမှာ နေသာထိုင်သာ ဖြစ်သွား၏။ သူ့ကို အတတ်ဆန်း တတ်စေချင်လို အပျံဆန်း အသန်းဆန်း လုပ်ခိုင်းခဲ့သည့် ဆန္ဒကြီးနှင့် သူသည် ယခု အဆက်ပြတ်လေပြီ။ ယခုလို လုံးလုံးလက်လျှော့လိုက်မှ အရှုံးဟူသည်လည်းမရှိတော့။ ဘာကိုမျှ မစဉ်းစားဘဲ ကမ်းခြေပေါ်ရှိ မီးရောင်များ ရှိရာဆီသို့ မှောင်ကြီးထဲ ပျံသန်းနေရသည်မှာ လှလိုက်လေခြင်း။

မှောင်ကြီးထဲမှာ။ ဤသို့ အော်လိုက်သော အသံမောင်းကြီးသည် မိုးချုန်းလိုက်သကဲ့သို့ ထိန်လန့်ဖွယ်ရာ မြည်ဟိန်းလိုက်၏။ ပင်လယ်ဇင်ယော်များဆိုတာ ဘယ်တော့မှ မှောင်ကြီး မဲကြီးထဲ မပျံဘူးကွ။

ယောနသံသည် ထိုအသံကို နားစွင့်လိုက်ရန် သတိမရှိ။ ကြည့်ရမြင်ရသည်မှာ လှလိုက်ပလေ ဟုသာ သူတွေးနေ၏။ ရေပေါ်တွင် ထင်ဟပ်နေသော လရောင်နှင့် မီးရောင်များသည် သူ့အဖို့ ညကာလအတွင်း ထိုးပြလျက်ရှိသော လမ်းပြမီးတန်း ကလေးများသဖွယ် စီရရီ ရှိဘိ၏။ တိတ်ဆိတ်၍ သာတောင့်သာယာ ရှိလှ၏။

အောက်ကို ဆင်းပျံကွ။ ဇင်ယော်မျိုးဆိုတာ ဘယ်တော့မှ မှောင်ကြီး မဲကြီးထဲမှာ မပျံဘူးကွ။ မင်းသာမှောင်ကြီးထဲ ပျံရမည့် ငှက်မျိုးဖြစ်နေရင် မင်းမှာ ဇီးကွက်မျက်စိတွေ ရှိရမှာပေါ့။ မင်းရဲ့ခေါင်းထဲမှာ ဦးနှောက်များအစား လေကြောင်းအတတ် ပုံစံချပ်တွေသာ ရှိရမှာပေါ့၊ မင်းဟာ သိမ်းငှက်လို အတောင်တိုရမှာပေါ့။

ပေတစ်ရာအမြင့် ညဥ့်အမှောင်ထဲတွင် ယောနသံသည် ကျီတိကြောင်တောင် ဖြစ်သွား၏။ သူ၏ ဝေဒနာများနှင့် အဓိဋ္ဌာန်များသည် ပျောက်ကွယ်ကုန်၏။

အတောင်တိုများ၊ သိမ်းငှက်၏ အတောင်တိုများ။

ဒါဟာငါရှာနေတဲ့ အဖြေပေါ့။ ငှက်အနှယ် မလိမ်မိုး မလိမ္မာ ဖြစ်လိုက်လေခြင်းဟယ်၊ ငါ့မှာ အခု လိုအပ်နေတာက အတောင် တိုတိုကလေးပဲ၊ ငါလုပ်ရမှာက ငါ့အတောင်များကို တိုအောင်ကျုံ့ထားပြီး အတောင်ဖျားကလေးတွေနဲ့သာ ပျံဖို့ဟာပဲ၊ အတောင်တိုများ။

သူသည် မဲနက်သော ပင်လယ်ထက်ဝယ် ပေနှစ်ထောင်မြင့်အောင် ပျံတက်ပြီး ဖြစ်မဖြစ်ကိုလည်း သူမတွေး၊ သေဘေးကိုလည်း သူမငဲ့ဘဲ တောင်ပံများ၏ ရှေ့ပိုင်းများကို သူကိုယ်လုံး၌ တင်းကြပ်စွာ ကျုံ့ကပ်၍ တောင်ပံများ၏ ဓားမြှောင်ပုံရှိ အစွန်းဖျားများကို လေထဲတွင် ဖြန့်လျက် အောက်သို့ ဇောက်ထိုးဆင်းလေ၏။

လေသည် သူ့ဦးခေါင်းအား ဘီလူးသဘက်သဖွယ် မြည်ဟီးတိုက်ခတ်၏။ တစ်နာရီလျှင် မိုင် (၇၀)၊ မိုင် (၉၀)၊ မိုင် (၁၂၀) . . . ထိုထက် ထိုထက်မြန်သော နှုန်းဖြင့် တဟုန်တည်း ထိုးဆင်းနေလေ၏။ ယခု တစ်နာရီလျှင် မိုင် (၁၄၀) နှုန်းတွင် ယခင် မိုင် (၇၀) နှုန်းမှာကဲ့သို့ အတောင်များကို ထိန်းရသည်မှာ မခက်လှ။ အတောင်ဖျားများကို လှည့်လိုက်သည်ဆိုရုံမျှ လှည့်လိုက်ခြင်းဖြင့် အလျားလိုက် အပျံမျိုးသို့ ဖြည်းညှင်းသာယာစွာ ပြောင်းလိုက်ပြီးလျှင် လရောက်အောက်၌ အမြောက်ဆံတစ်လုံးပမာ လှိုင်းများပေါ်တွင်လျှပ်၍ မီးခိုးရောင်တန်းတစ်တန်း တန်းသွားသကဲ့သို့ ပျံသန်း၏။

လေဆန်ဖြစ်၍ မျက်စိများကို တအားမှေးလျက် သူအပျော်ကြီး ပျော်လေသတည်း။ တစ်နာရီလျှင် မိုင် (၁၄၀) ကွ၊သူ့ကိုယ်ကိုလဲသူ ထိန်းထားနိုင်ခဲ့တယ်လေ။ ပေနှစ်ထောင်အမြင့်အစား ပေငါးထောင်အမြင့်ကသာ ငါထိုးဆင်းရင် ဘယ်ကလောက်အထိ မြန်လိမ့်လေမလဲ မသိ . . .

ယခင် ခဏက သူပြုခဲ့သော အဓိဋ္ဌာန်များကိုလည်း သူသတိမရတော့ လေအဟုန် တံမြက်လှဲတွင် ထိုအဓိဋ္ဌာန်များ ပါသွားချေပြီ။ သို့တစေလည်း ထိုအဓိဋ္ဌာန်များ မအောင်ခြင်းအတွက် နောက်တဖန် နောင်တရခြင်း သူမဖြစ်၊ လိပ်ပြာမသန့်ခြင်းလည်း မရှိ။ သူကတိသူ ဖျက်လိုက်သည်ကို သူဝမ်းမနည်း။ ရိုးရိုးကုပ်ကုပ် သာမာန်ဘဝမျိုးကို လက်ခံသော ဇင်ယော်မျိုးသာလျှင် ဤကတိများကို မဖျက်ဝံ့။ အပျံအတတ်တွင် ထိပ်တန်းသို့ ရောက်နေသော သူတစ်ဦးအဖို့ ဤကတိမျိုးကို ထိန်းရန်မလို။

နေထွက်လျှင်ထွက်ထွက်ခြင်း ယောနသံဇင်ယော်သည် အပျံကျင့်နေလေပြီ။ ပေငါးထောင်အမြင့် အကာဘောင်မှ သူ့အောက်သို့ ကြည့်လိုက်သော် တံငါလှေများသည် အစက်အပြောက်ကလေးများသာ ဖြစ်နေ၏။ နံနက်စာ အရှာထွက်ကြသော ဇင်ယော်ငှက်အုပ်ကြီးကို ကြည့်လိုက်လျှင်လည်း ဝိုင်းကြီးပတ်ပတ် လည်နေသော မှုန်မွှားမွှား ဖုံမှုန့်တိမ်လိပ်များသာ ဖြစ်နေ၏။ သူ့အသက်နှင့် သူ့ကိုယ် မြဲလျက်ပင် ရှိနေ၏။ ပီတိဖြင့် အနည်းငယ်တုန်တုန်ယင်ယင် ဖြစ်လျက် ကြောက်စိတ်ထိန်းထား နိုင်ခြင်းကိုလည်း ဂုဏ်ယူလျက်ရှိ၏။ ထိုနောက် သူသည် ဆိုင်းမပါ ဗုံမဆင့်ဘဲ တောင်ပံများ၏ ရှေ့ပိုင်းကို အတွင်းသို့ ကပ်ကာ တောင်ပံ၏ အမြိတ်အနားများကိုသာ ဖြန့်လျက် အောက်ရှိ ပင်လယ်ပြင်သို့ ထိုးစိုက်လိုက်၏။ ပေလေးထောင်ကို ကျော်ကျလာသောအခါ အဆုံးစွန်ဖြစ်သော အမြန်နှုန်းကို ရလေ၏။ လေထုသည် အသံဖြင့် အတိပြီးသော မဟာရံတံတိုင်းကြီးပမာ ဖြစ်လာ၏။ မည်သို့ပင် ဖိတိုးသော်လည်း ထိုတံတိုင်းကားမရွေ့။ သူသည် အောက်တည့်တည့်သို့ တစ်နာရီလျှင် (၂၁၄) မိုင်နှုန်းဖြင့် ယခုကျဆင်းနေ၏။ ထိုအခိုက်၌ သူ့အတောင်များသာ အကယ်၍ပွင့်သွားလိုက်လျှင် သူသည်

တစ်သန်းမျှလောက်သော အစိတ်အမွှာများ အဖြစ်သို့ ဖရိုဖရဲ ဖွာကြဲသွားလိမ့်မည်ကို သူသိ၍ သူသည် ပျံလွှားငှက်ပမာ အတောင်များကို ပိတ်လိုက်၏။ အရှိန်အဟုန်ဟူသည် တန်ခိုးအာဏာပေတည်း။ အရှိန်အဟုန်ဟူသည် ပီတိချမ်းသာပေတည်း။ အရှိန်အဟုန်ဟူသည် သောသဏ္ဌာ အလှတရား အစစ်ပေတည်း။

အမြင့်ပေတစ်ထောင် တိမ်အာကာသို့ သက်ဆင်းမိသောအခါ သူသည် တောင်စုံကို ဖြန့်လိုက်၏။ သူ့တောင်ပံဖျားတို့သည် လေအဟုန်ကို တဖတ်ဖတ်ရိုက်ခတ်လျက် ပုံသဏ္ဌာန်မသဲကွဲတော့ဘဲ မှုန်မွှားမွှား မှေးတေးတေးသာ ရှိတော့၏။ သူ့မျက်စိ ထဲတွင် လေ့နှင့် ဇင်ယော်အုပ်တို့သည် ကြယ်ဥက္ကာပျံများပမာ သူ့ထံသို့ ဒယိမ်းဒယိုင်ကြီး တရှိန်ထိုး တိုးဝင်လာနေကြဟန် မြင်ရ၏။ ငှက်အုပ်သည်လည်း သူ့လမ်းကြောင်း တည့်တည့်ကြီးတွင် ရှိနေ၏။

ခက်ကပြီ။ ရပ်၍လည်းမရ။ သူရရှိနေသော အမြန်နှုန်းမျိုး၌ မည်ကဲ့သို့ ယိမ်းကွေ့ရသည်ကိုလည်း သူမသိသေး။

ထို့ကြောင့် သူသည် မျက်စိများကို စုံမှိတ်ထားလိုက်၏။

နေထွက်ပြီး မကြာမီကလေး ထိုနံနက်ခင်း ထိုအချိန်၌ သူ့အဖြစ်ဆိုးသည်ကား ယောနသံဇင်ယော်သည် နံနက်အစာရှာ ထွက်လာသည့် ဇင်ယော်အုပ်၏ အလယ်ဗဟို တည့်တည့်အတွင်းသို့ တစ်နာရီလျှင် (၂၁၂) မိုင်နှုန်းဖြင့် မျက်စိများ စုံမှိတ်ကာ လေရောတောင်ပံမွေးများပါ တဟီးဟီး ခြိမ်းလျက် ဒလကြမ်းကြီး ရမ်းကားနေ၏။ ဤတစ်ကြိမ်တွင်မူ ကောင်းကျိုးပြုတတ်သော ဇင်ယော်နတ်ဒေဝါသည် သူ့အား သနားသောအားဖြင့် ပြုံး၍စောင်မလိုက်၏။ မည်သူမျှမသေ။

ကောင်းကင်တိမ်ယံဘက်ဆီသို့ သူနှုတ်သီးကို မော့လိုက်သည့်အခါတွင် သူသည် တစ်နာရီလျှင် မိုင်(၁၆၀) နှုန်းဖြင့် ပျံနေလျက်သား ရှိသေး၏။ မိုင်နှစ်ဆယ်နှုန်းသို့ လျှော့ချလိုက်ပြီးလျှင် တောင်ပံများကို ဖွင့်လိုက်သောအခါ အောက်ဖက်ပေ လေးထောင်အနိမ့်ရှိ ပင်လယ်ပြင်တွင် တံငါလှေသည် ပေါင်မုံ့တစ်ဖဲ့စာ အရွယ်သာရှိ၏။

သူ၏ အောင်မြင်မှုကိုသာသူ တမြုံမြုံ တွေးနေမိ၏။ အဆုံးစွန်သော အမြန်နှုန်းဖြင့် ပျံနိုင်လေပြီ။ ဇင်ယော်ငှက် မတစ်ထောင် တစ်ကောင်ဖွား ကလေးတော့ဖြင့် တစ်နာရီလျှင် (၂၁၄) မိုင်နှုန်းဖြင့် ပျံနိုင်လေပြီဟေ့။ ဖြစ်တောင့် ဖြစ်ခဲသော အရာပေတည်း။ ဇင်ယော်တို့၏ သမိုင်း၏ တစ်ခုတည်းသော အကြီးဆုံးမင်္ဂလာ ရတောင့်ရခဲ အခါအခိုက်ပေတည်း။ ယောနသံဇင်ယော်အဖို့ ထိုအခါမှစ၍ ခေတ်သစ်တံခါးသည် ဟင်းလင်းကြီး ပွင့်လေပြီ။ တကိုယ်တည်း လေ့ကျင့်ရာ စခန်းသို့ ပျံသွားပြီးလျှင် ပေရှစ်ထောင်အမြင့် ဝေဟင်သို့တက်၍ အောက်သို့ ဦးစောက်ထိုးရန် သူ့တောင်ပံများကို ရုပ်သိမ်းကာ သူသည် တဟုန်ထိုး ထိုး၍လှည့်နည်း တိမ်းနည်း ဝိုက်နည်းများကို တတ်အောင် လေ့ကျင့်လေတော့သတည်း။

တောင်ပံများမှ အမွေးတစ်ချောင်းကို တဆံခြည်မျှ အနေအထား ပြောင်းလိုက်ရုံဖြင့် ကြောက်ခမန်းလိလိ အမြန်နှုန်းဖြင့် ကျယ်ပြန့်သော စက်ဝိုင်းစိတ်တစ်ခုကို ကောင်းကင်ထက်၌ ချောမောစွာ ရေးဆွဲနိုင်ကြောင်း သူတွေ့ရှိလာ၏။ ဤလျှို့ဝှက်ချက်ကို သူမတွေ့ခင်က အမွေးတစ်ချောင်းတစ်မျှင်ထက်ပို၍ အနေအထား အပြောင်းမှားခဲ့လျှင် သေနတ်ကျည်ဆံပမာ ခရုပတ်လည်သွားတတ်ကြောင်းလည်း သူကြုံဖူး၏။ ဤသို့ဖြင့် ယောနသံဇင်ယော်သည် ဤမြေကြီးဘုံတွင် ကောင်းကင်ဂျမ်းဘား အစွမ်းကို ပထမဦးဆုံးပြနိုင်သည့် တကယ့်ဇင်ယော် ငှက်ကျော်ငှက်မော် ဖြစ်လာ၏။

ယောနသံသည် အခြား ပင်လယ်ဇင်ယော်များနှင့် စကားစမြည်ပြောရန်ပင် အချိန်မထားဘဲ နေစုတ်စုတ် ဝင်သွားပြီးသည့် တိုင်အောင်လည်း အပျံမရပ်သေး။ သူသည် ထောင်လိုက် စက်ဝိုင်းပုံ ပျံနည်းကို လည်းကောင်း၊ အရစ်ကျဲသော ဝက်အူပုံပျံနည်းကို လည်းကောင်း၊ လက်ဝဲရစ်ဂျင်လည်ပုံ ပျံနည်းကိုလည်းကောင်း၊ ဇင်ယော်ငှက်များ၏ အတောင်ရွက်ဖွင့်ပုံ ပျံနည်းကိုလည်းကောင်း၊ စကြာပြတင်းပုံ ပျံနည်းကို လည်းကောင်း တတ်ကျွမ်းလေ့ကျက်လာ၏။

ကမ်းပေါ်ရှိ ဇင်ယော်အုပ်ထဲသို့ သူပြန်ရောက်ရှိသောအခါ မိုးစုတ်စုတ်ချုပ်လေပြီ။ အလွန်ပင် ပင်ပန်းနွမ်းရိလျက် မူးနောက်နောက် ရှိနေ၏။ သို့တစေလည်း အပျော်ကြီးပျော်၍ ထောင်လိုက် စက်ဝိုင်းပုံ ဂျမ်းတစ်ပတ်ထိုးကာ ဝက်အူရစ်ပုံ ကိုယ်ကို အသာလိမ့်ပြီးမှ ခြေများကို မြေချ၏။ ယောနသံသည် ဤသို့လျှင် ကြံစည်တွေးတောမိ၏။ အလျင်နှုန်း အဟုန်တံတိုင်းကြီးကို ငါထိုးဖောက်နိုင်ခဲ့သည်မှာ သင်းတို့သာ ကြားသိကြရင် အရူးအမူး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမှာပဲ။ ဘဝဆိုတာ အသက်မွေးဝမ်းကျောင်းခြင်း အတတ်တတ်ရုံနှင့် ပြီးရတာမဟုတ်၊ ဘဝဆိုတာ အသက်ရှင်နေနိုင်အောင်သာ လုပ်နေဖို့ မဟုတ်သေး၊ တခြားတတ်စရာတွေလဲ အများကြီးရှိသေးတယ်ဆိုတာ သင်းတို့သိလာကြမှာပဲ၊ နေ့ရှိသ၍ တံငါလှေများနဲ့ ကမ်းခြေအကြား ကူးချည်သန်းချည်နှင့် ပျင်းရိငြီးငွေ့လာအောင် လုပ်လုပ်နေရတာချည်းထက်၊ ဘဝဆိုတာ ဒီထက်ယုတ္တိရှိတဲ့ အဓိပ္ပါယ်ကြီးနဲ့ ပါလား၊ တို့တတွေဟာ ကိုယ့်ကိုကိုယ်မသိမှု အမှောင်ကြီးထဲက ဆွဲပင့်မတင်နိုင်သားပဲ၊ တို့တတွေဟာ မွန်မြတ်မှု၊ အသိဉာဏ်ရှိမှု၊ တတ်ကျွမ်းမှုများနဲ့ ပြည့်စုံတဲ့သတ္တဝါတွေ ဖြစ်လာအောင် တို့ကိုယ်တိုင် လုပ်ယူနိုင်သားပဲ၊ တို့တတွေဟာ လွတ်လွတ်လပ်လပ်ကြီး ကျွတ်တမ်းဝင်နိုင်သားပဲ၊ ကျွတ်တမ်းဝင်နိုင်အောင် အပျံတတ်ဖို့ တို့သင်ယူနိုင်စွမ်းရှိသားပဲ။

## အကြည့်ခံရခြင်း

အနာဂါတ်ကာလမှ နှစ်များသည် ဆုလာဘ်ကတိအပြည့်နှင့် ဝင်းဝင်းတောက်လျက် အသံတကြော်ကြော်ဖြင့်လည်း ဖိတ်ခေါ်လျက်ရှိ၏။

ပင်လယ်ဇင်ယော်များသည် ယောနသံဆင်းလာသောအခါ ငှက်ကောင်စီ အစည်းအဝေးအတွက် စုရုံးပြီးသား ဖြစ်နေ၏။ ကြိုတင်၍ စုဝေးနေနှင့်ကြသည်မှာ ထင်ရှား၏။ အမှန်စင်စစ်ကား စုရုံးကြပြီးနောက် သူ့အလာကို စောင့်မျှော်နေကြခြင်းသာ ဖြစ်၏။

"ယောနသံဇင်ယော် အလယ်ကိုကြွပါ" ဇင်ယော်အကြီးအကဲများ၏ ဤအသံသည် ပွဲသဘင် အခမ်းအနားတခုကို ဖွင့်လှစ်သော အသံမျိုးပမာ တည်ကြည်ခံ့ညားလှ၏။ အလယ်သို့ကြွ၍ ရပ်ပါဆိုသော ဤအပြောမျိုးသည် ရှက်ဖွယ်လိလိ သိက္ခာချ ကံပြုခြင်း အဓိပ္ပါယ်ရှိ၏။ ဇင်ယော်သူ့ရဲကောင်းများကို သူကောင်းပြုသော ပွဲမျိုးတွင် အချီးအမြှောက်ကံ အပြုခံဖို့ အလယ်သို့ ကြွစံပါဟု ဆိုလေ့ရှိ၏။ သူ၏ ဂုဏ်ကျေးဇူးများကို တဖွားဖွား ခံတွင်းမဆံ့ ချီးအံ့ပြောဖို့သာ ဖြစ်မှာပါပဲ ဟူသောအထင်ဖြင့် ယောနသံက ဤသို့တွေးမိ၏။ မနက်က အစာရှာထွက်ကြတဲ့ ငှက်အုပ်ထဲ ငါဖြတ်ပျံမိလို့ ဖြစ်မှာပေါ့။ အလျင်နှုန်း အဟုန်တံတိုင်းကို ငါထိုးဖောက်နိုင်ခဲ့တာ သူတို့မြင်လိုက်ကြလို့ ဖြစ်မှာပေါ့။ ဒါပေမယ့် ငါက ဘာဂုဏ်တွေကိုမှ မလိုပါဘူး။ ငါတွေ့လာခဲ့သမျှကို၊ ငါတတ်လာခဲ့သမျှကိုသာ သူတို့ကို ဝေမျှပေးလိုတဲ့ စိတ်ဆန္ဒပဲ ရှိပါတယ်။ တို့တတွေ အားလုံးကို မျက်နှာတူရှုမှ ငံ့လင့်စောင့်မြော်နေတဲ့ ဆုလာဘ်ကြီးတွေဆီကိုသာ ညွှန်ပြလိုတာပါဘဲ။ ယောနသံသည် အလယ်ဗဟိုသို့ ချီလေ၏။

ဇင်ယော်ခေါင်းဆောင်ကြီးက ဤသို့ဆိုလိုက်၏။ "ဟေ့ . . . ယောနသံဇင်ယော်၊ မင့်အဖော် ဇင်ယော်တွေ မြင်သာအောင် သိက္ခာချကံ အပြုခံဖို့ အလယ်ကို သွားပြီး ရပ်စမ်းပါ"

ယောနသံသည် ပျဉ်ထူထူတစ်ချပ်ဖြင့် အရိုက်ခံလိုက်ရဘိသကဲ့သို့ ဖြစ်သွား၏။ သူ့ဒူးများလည်း ယိုင်လာ၏။ သူ့အမွေးများလည်း နွဲ့ယိုင်အိတွဲကုန်၏။ သူ့နားထဲ၌ မောင်းသောအသံကြီးတစ်ခု မြည်ဟိန်းလာ၏။ သိက္ခာချကံ အပြုခံရဖို့ ငှက်ဗဟိုမှာ သူရပ်နေရပြီ၊ မဖြစ်နိုင်တာ၊ ဘယ့်နှယ် အလျင်နှုန်း အဟုန်တံတိုင်းကြီးကို ထိုးဖောက်အောင်မြင်ခဲ့ခြင်းဟာ ဘယ်ရောက်သွားသလဲ။ သူတို့နားမလည်ကြပါဘူး။ သူတို့ မှားကြလေပြီ။ သူတို့မှားကုန်ကြပြီ။

ခံညားသော အသံကြီးက ဆက်၍ဆိုလိုက်သည်မှာ "သူ့ရဲ့ . . . ပိုးစိုးပက်စက် ရောက်တတ်ရာရာ တာဝန်မဲ့ အပြုအမူကြောင့် . . . သူဟာ ဇင်ယော်အိမ်ထောင်စုကြီးရဲ့ ဂုဏ်နဲ့ အစဉ်အလာတွေကို ချိုးဖောက် ဖျက်ဆီးစော်ကားခဲ့တာမို့ . . . "

သိက္ခာချကံ အပြုခံရခြင်းသည် သူ့အဖို့ ဇင်ယော်တို့ဘောင်မှ ကြဉ်ခြင်းဖဲခြင်း ခံရပြီးနောက် ဝေးလှစွာသော ကျောက်ကမ်းပါးစောက်များ မဲဇာဖျားသို့ သွား၍ ကိုယ်ထည်းသာချည်း တစ်ယောက်တည်းလျှင်၊ အထီးကျန် အလေနတော အဖြစ် ဘဝဆုံးရမည်သာ ဖြစ်သတည်း။

အသံကြီးက ဆက်ဆိုပြန်၏။ "ယောနသံဇင်ယော်၊ တနေ့ကျ မင်းသိလိမ့်မပေါ့၊ တာဝန်မဲ့ ကပက်ကစက် ပြုလုပ်လိုမင်းအတွက် အကျိုးမှ မရနိုင်၊ ဘဝဆိုတာလည်း မသိရသေးတဲ့ အရာလို့မှတ်၊ ဘဝဆိုတာဟာ သိလဲ မသိနိုင်တဲ့ အစိန္တေယတရားတစ်ပါးရယ်လို့မှတ်၊ သိတာနဲ့ သိနိုင်တာ တစ်ခုတည်းကတော့ ဒီမြေကြီးဘုံထဲ တို့တတွေ ရောက်ရှိလာတာဟာ စားဖို့နဲ့ အသက်နဲ့ကိုယ် ကြာကြာမြဲနိုင်သလောက် မြဲအောင် နေသွားနိုင်ဖို့ပဲ"

ဇင်ယော်တို့၏ ကောင်စီအစည်းအဝေးတွင် အဘယ်မည်သော ဇင်ယော်မျိုးမှ ခွန်းတုန့်ပြန်၍ နှုတ်လှန်ထိုးခြင်း ပြုရိုးမရှိ၊ သို့သော်လည်း ယောနသံသည် ဤသို့ထုချေ၏။ "ဘယ့်နှယ်ဗျ၊ ကျွန်တော် တာဝန်မဲ့ ပြုလုပ်တယ်တဲ့လား။ ကျွန်တော့်ညီများ အစ်ကိုများတို့။ ဘဝရဲ့ အဓိပ္ပါယ်နဲ့ ဘဝရဲ့ကိစ္စကို တွေ့ရှိရပြီး ဘယ်သူကပိုပြီး တာဝန်သိ ဖြစ်နိုင်ပါသေးသလဲ။ ကျွန်တော်တို့ဟာ နှစ်ပေါင်းတစ်ထောင်မျှ ငါးခေါင်းများ နောက်ကိုချည်း တကောက်ကောက် လိုက်နေခဲ့ကြရာက အခုမှ ဘဝရဲ့ ယုတ္တိရှိမှုကို တွေ့လာရတာပါ။ သတ္တဝါဆိုတဲ့ ဘဝကိုရလာကြရတာဟာ သင်ယူဖို့၊ တွေ့ရှိဖို့၊ လွတ်ဖို့ ကျွတ်ဖို့ပဲ ဆိုတာလေဗျ။ ကျွန်တော်အခု တွေ့ထားတာကို ပြပါရစေဦး။ ဒီတစ်ကြိမ်လောက်တော့ ခွင့်ပြုပါ။"

ငှက်အုပ်ကြီးသည် ကျောက်ခဲ ကျောက်တုံးများကဲ့သို့ မတုန်မလှုပ် ငုတ်တုတ်ကြီး နေကြ၏။

ဇင်ယော်အပေါင်းတို့သည် မင်းဟာ တို့မျိုးရိုးကို စော်ကားမော်ကား ဖျက်ဆီးပစ်တာပဲဟု တစ်သံတည်း အုန်းအုန်းဖြဖြ ထွက်ဆိုကြပြီးလျှင် နားများကို ပိတ်လျက် သူ့ကို ကျောခိုင်းသွားကြကုန်၏။

ယောနသံဇင်ယော်သည် သူ၏ နေ့ညများကို တစ်ကောင်ထီးတည်း ကုန်လွန်စေရငြားလည်း ဝေးလံလှသော ချောက်ကမ်းပါးများသို့ ရောက်ရုံသာမက ထိုထက်ကျော်လွန်၍ပင် ကျယ်ပြန့်စွာ ကျင်လည်ကျက်စားရ၏။ သူ၏ တစ်ခုတည်းသော ဝမ်းနည်းမှုကား အထီးကျန်အဖြစ်နှင့် နေရခြင်းမဟုတ်၊ ပျံသန်းခြင်းအတတ်၏ ဘုန်းကြက်သရေသည် ဇင်ယော်အပေါင်းပေါ်တွင် ဖြိုးဝေရန် စောင့်မြှော်နေသည်ကို အခြားသော ဇင်ယော်တို့က မယုံနိုင် ဖြစ်နေခြင်းသာတည်း။ သူတို့ခမျာ မျက်စိဖွင့်၍ ကြည့်မြင်ရန် ငြင်းဆိုနေကြခြင်းတည်း။

ယောနသံသည် ပျံသန်းခြင်းအတတ်ကို တနေ့တခြား ပို၍ပို၍ တတ်လာ၏။ လေတိုးသည့် သူ့ကိုယ် ဧရိယာကို နည်းနိုင်သလောက် နည်းအောင် အတောင်များကို ပိတ်လျက်၊ ကိုယ်အလျားကိုလည်း ဆန့်ထုတ်ကာ လျင်မြန်သော အဟုန်ဖြင့် အောက်သို့ထောင်လိုက် ထိုးဆင်းခြင်းသည် သူ့အား ပင်လယ်ရေမျက်နှာပြင်၏အောက် ဆယ်ပေ၌ စုဝေးသွားလာနေလေ့ရှိသည့် ငါးမြီးများအတွင်းသို့ ရောက်သွားစေ၏။ ဤသို့ဖြင့် ပင်လယ်ပြင်အောက် ဆယ်ပေအရပ်တွင် လျှာအရသာထူးကို သူခံစားရ၏။ အသက်ရှင်နေရန်အတွက် တံငါလှေများနှင့် ပေါင်မုံ့သိုးများကို သူမလိုတော့။ လေထဲတွင်ပင် သူအိပ်တတ်လာ၏။ ကမ်းအလွန်၌ တိုက်ခတ်နေသော လေကြောင်းကိုလည်း ညဥ့်အခါ ဖြတ်သန်း၍ နေဝင်မှ နေထွက်အတွင်း မိုင်တစ်ရာ ခရီးပေါက်ရောက်နိုင်၏။ ဤသို့သော အတွင်းအရှုတ္တ တန်ခိုးမျိုးဖြင့်ပင် သူသည်ထူထပ်သော ပင်လယ်နှင်းတိုက် နှင်းတောများကို ထိုးဖောက်ဖြတ်သန်း၍ မျက်စိကျိန်းလောက်အောင် တောက်ပကြည်လင်နေသော အထက်ကောင်းကင်ယံသို့လည်း ပျံတက်နိုင်၏။ တခြားဇင်ယော်တိုင်း ဇင်ယော်တိုင်းအဖို့ မြေကြီးပေါ်တွင် ရပ်လျက်သာ မင်းလွင် မိုးနှင်းတို့မှ တပါး အခြားဘာမျှမသိနိုင်သော အချိန်အခါ ရာသီမျိုးတွင် သူ့အဖို့မူ နေမင်းသည် သာလျက်ရှိ၏။ မြင့်မားသော ကောင်းကင်ယံမှ လေဟုန်များကို စီးနင်းလျက် သူသည် ကမ်းခြေနှင့်ဝေးသော အတွင်းပိုင်း ကုန်းအရပ်ဒေသများသို့လည်း သွားရောက်ကာ ချိုမြန်သော ခဲဘွယ်ပိုးကောင် မွှားကောင်များကို မြိုးမြိုးမြက်မြက် သုံးဆောင်ရ၏။

ဇင်ယော်တစ်သိုက်လုံး တစ်အုပ်လုံးအတွက် သူတစ်ချိန်က မြှော်လင့်မိသောအရာကို ယခုသူတစ်ယောက်တည်းသာ ရရှိနေလေပြီ။ ပျံသန်းခြင်း အတတ်ကို သူသင်ယူဆည်းပူးခဲ့၏။ သင်ယူရာ၌ ခံခဲ့ရသော ဒုက္ခများကို သူအမှုမထား၊ ဝမ်းနည်းခြင်းလည်း မရှိ။

ငြီးငွေ့ပျင်းရိခြင်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်း၊ အမျက်ဒေါသ ထွက်ခြင်းဟူသော ဓလေ့စရိုက်သုံးမျိုး ရှိနေလေသည့်အတွက် ဇင်ယော်တို့သည် ဤမျှလောက် သက်တမ်းတိုတောင်းကြရ၏ဟု ယောနသံသည် သိရှိလာ၏။ ယောနသံ၏ စိတ်သန္တာန်၌ ဤအကြောင်းတရားသုံးပါး ကင်းပျောက် ဆိတ်သုဉ်းနေသောကြောင့်ပင် သူသည် အနာကင်းမဲ့ မရှိဘေးကင်း သက်တမ်းရှည်စွာ နေနိုင်ဘိတောင်း။

အခြားဇင်ယော် နှစ်ကောင်သည် ညဥ့်အခါ၌ ရောက်ရှိလာပြီးလျှင် ယောနသံတစ်ကောင်ထီးတည်း သူမြတ်နိုးလှသော ကောင်းကင်ယံဝယ် ချမ်းမြေ့ညင်သာစွာ လေဟုန်စီးလျက်ရှိသည်ကို တွေ့ကြ၏။ သူ့အတောင် တစ်ဖက်တစ်ချက်၌ သူ့ကိုရံ၍ ပေါ်လာသော ထိုဇင်ယော်နှစ်ကောင်သည် ကြယ်ရောင်အလား သန့်စင်လှ၏။ သူတို့မှ ပြိုးပြက်သော အလင်းရောင်သည် လေအမြင့်၌ သိမ်မွေ့ခြင်း၊ ရင်းနှီးခြင်းတို့ဖြင့် လွှမ်းတောက်လျက်ရှိ၏။ သူတို့၏ ချစ်စရာအကောင်းဆုံး အချက်သည်ကား အပျံကျွမ်းကျင်ပုံတည်း။ တစ်ဖက်တစ်ချက်စီတွင် အတောင်ဖျားခြင်း တစ်လက်မတိတိသာ အမြဲပင် မယုတ်မလွန် အကွာထားလျက် ပျံသန်း၍ သူသွားလေရာရာသို့ ကပ်မြှောင်၍ အတူလိုက်နေနိုင်မှုပေတည်း။

ယောနသံသည် စကားတစ်ခွန်းမျှ မပြောဘဲ ထိုဇင်ယော်နှစ်ကောင်ကို စိန်ခေါ်သည့် အနေဖြင့် စမ်းကြည့်လေတော့၏။ အခြားမည်သည့် ဇင်ယော်မျှ မလိုက်နိုင် မအောင်နိုင်သော အစမ်းအသပ် အစစ်ဆေးမျိုးပေတည်း။ သူသည် လေခို၍ ခွေးကျကျခြင်း မဖြစ်ရုံတမယ်မျှသာ ရှိသောနှုန်းမျိုးဖြင့် ဖြေးနှေးစွာပျံ၏။ ဇင်ယော်မျက်နှာစိမ်း နှစ်ကောင်လည်း သူနှင့်အတူ ထက်ချပ်မကွာ နှေးကွေးစွာ လိုက်ပျံနိုင်ကုန်၏။ သူတို့လည်း အနှေးပျံနည်းကို တတ်ကျွမ်းကြပေသကိုး။

ယောနသံသည် တောင်ပံများကို ခေါက်သိမ်းလျက် ကိုယ်ကို ခရုပတ်လိမ့်ကာ အောက်သို့ တစ်နာရီလျှင် မိုင်(၁၉၀) နှုန်းဖြင့် တဟုန်ထိုး ဆင်းလိုက်၏။ မျက်နှာစိမ်းနှစ်ကောင်လည်း သူနည်း အတိုင်းပင် ပုံပန်းမပျက်စေဘဲ လိုက်ဆင်းကြ၏။

နောက်ဆုံး သူသည် ယင်းအရှိန်ဖြင့်ပင် အထက်သို့ တဖန် အရစ်ကျဲသော ဝက်အူရစ်ပုံ ပျံနည်းဖြင့် ထောင်လိုက် ပြန်တက်၏။ သူစိမ်းနှစ်ကောင်လည်း အပြုံးမပျက် သူနှင့်အတူ လိမ့်ကာ ပျံတက်ကြ၏။

သူသည် ယခု အလျားလိုက် ခဏကြာမျှ ပျံသန်းပြီးလျှင် "ကဲကောင်းပြီ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ" ဟု မေးလိုက်၏။

"တို့ဟာ မင်းရဲ့အုပ်ထဲက ယောနသံ၊ မင်းရဲ့ သွေးရင်းသားရင်း ညီအစ်ကိုများပေါ့ကွာ။" ထိုစကားသံများသည် အားအင်ပြည့်နှင့် ပြောသောစကားများ ဖြစ်သော်လည်း ညင်သာလှ၏။ "တို့မင်းဆီကို ရောက်လာခြင်းဟာ မင်းကို အမြင့်သို့ ဆောင်ကြဉ်းဖို့၊ ကိုယ့်ဘုံ ကိုယ့်နန်း ကိုယ့်အိမ်ကို ပြန်ခေါ်ဖို့ပေါ့"

"ဘာဗျ၊ ကျုပ်ဘုံ ကျုပ်အိမ်။ ကျုပ်မှာ ဘုံရယ်အိမ်ရယ်လို့ မရှိဘူးဗျ။ ကျုပ်ငှက်အုပ်ဆိုတာလဲ မရှိဘူး။ ကျုပ်ဟာ အဖဲကြဉ်ခံခဲ့ရသူပါ။ တောင်ကုန်းလေကြောင်းကြီးရဲ့ ထိပ်ဖူးမှာ ခုကျုပ်တို့ ပျံနေကြတယ်။ နောက်ထပ် ပေတစ်ရာ နှစ်ရာထက်လွန်ပြီး ဒီ . . . အိုမင်းရင့်ရော်လှတဲ့ ကျုပ်ကိုယ်ကောင်ကြီးကို မပင့်နိုင်တော့ဘူး"

"မဟုတ်ဘူးလေ၊ ယောနသံရယ် . . . မင်းတတ်ပြီးသားပါ၊ ကျောင်းတစ်ကျောင်းပြီးလို့ နောက်ကျောင်းတစ်ကျောင်း စတက်ဖို့ အချိန်ရောက်နေပြီကွဲ့"

ပညာဉာဏ်အလင်းသည် (ယောနသံမသိလိုက်သာ) သူ့သန္တာန်ကို သူ့ဘဝတလျှောက်လုံး ထုတ်ချင်းပေါက် ဖေါက်ထွင်း ဝင်းတောက်လျက်ရှိ၏။ ထိုအခိုက်တွင် ယောနသံ၏ အတွင်း၌ ဉာဏ်အလင်းသည် သူသိသာအောင် ထင်ရှားစွာ တောက်လင်းလေ၏။ မျက်နှာစိမ်းနှစ်ကောင် ပြောလိုက်သော စကားများသည် မှန်ပေစွတကား။ သူသည် ခုနကထက်ပို၍မြင့်စွာ ပျံသန်းလျက် ရှိပေသည်။ အိမ်ပြန်ဖို့ အချိန်လည်း ရောက်လေပြီ။

သူ့မျက်စိများသည် ကောင်းကင်ကို ဖြတ်သန်း၍ ဤမျှလောက် အပျံမျိုးစုံ တတ်ခဲ့ရသော နေရာဖြစ်သည့် ငွေပြည်တန် ကုန်းပြင်မြေကြီးဘုံသို့ နောက်ဆုံးကြည့်ခြင်းမျိုးဖြင့် အတန်ကြာအောင် လှည့်ကြည့်နေမိ၏။

"ကဲ၊ ကျုပ်တော့ လိုက်ဖို့ အသင့်ပဲ" ဟု နောက်ဆုံးတွင် သူပြောလိုက်၏။

သည့်နောက် ယောနသံ ဇင်ယော်သည် ကြယ်လုံးများပမာ ဝင်းတောက်သော အဖော်နှစ်ကောင်နှင့်အတူ မှောင်အတိဖြစ်အောင် မည်းနက်နေသော ကောင်းကင်ထဲ၌ ပျောက်ကွယ်သွားလေတော့သတည်း။

---

## အပိုင်း (၂)
## ကမ်းကုန်အောင် တတ်စွမ်းခြင်း

သြော် . . . သည်ဟာခေမာရိပ်မြုံ ထင်ပါရဲ့။ ဤသို့တွေးမိ၍ သူကိုယ်သူ ပြုံးရယ်မိ၏။ ဤဘုံသို့ပျံတက်ဝင်ရောက်ခါစသာ ရှိသေး၊ ဘုံအကြောင်း စိစစ်နေသည်မှာ မခိုးမခံပြုရာ ရောက်သဖြင့် ပြုံးမိခြင်းဖြစ်၏။

ကိုယ်ရောင်ကိုယ်ဝါ တောက်ပသော ဇင်ယော်နှစ်ကောင်နှင့်အတူ တောင်ပံခြင်းယှဉ်၍ မြေကြီးပြင်မှ တိမ်များအထက်သို့ ပျံတက်လာစဉ်တွင် သူကိုယ်ခန္ဓာကိုယ်လည်း အခြားဇင်ယော်နှစ်ကောင်နည်းတူ တောက်ပလာသည်ကို သူမြင်ရ၏။ မှန်ပါပေသည်။ ယခုရှိနေသော ယောနသံ ဇင်ယော်လည်း ယခင်က ယောနသံဇင်ယော်ပင်ဖြစ်၏။ သို့သော် အပြင်ဗဟိဒ္ဓ ရုပ်အဆင်း အသွင်သဏ္ဍာန်သည် ပြောင်းလဲလေပြီ။

ကိုယ်ခန္ဓာသည်လည်း ဇင်ယော်ခန္ဓာမျိုးပေတည်း။ သို့သော် ယခင် ခန္ဓာဟောင်းကဲ့သို့မျိုး လုံးဝမဟုတ်၊ ပို၍အပျံအသန်းကောင်းနေ၏။ ယခင်မြေကြီးဘုံ ဘဝဟောင်းတွင် စိုက်ထုတ်ခဲ့ဖူးသော လုံ့လမျိုး၏ တစ်ဝက်မျှဖြင့် ယခုအမြန်နှုန်းလည်း နှစ်ဆရ၍ အလုပ်လည်း နှစ်ပြန်ပြီးနိုင်ပေသည်။

သူ့အမွေးများသည် ဆွတ်ဆွတ်ဖြူ ဖွေးဖွေးလက်လာ၏။ သူ့တောင်ပံများလည်း အကြိမ်များစွာ ပွတ်တိုက်ထားအပ်သော ငွေပြားများနှင့်အတူ စင်းလုံးချော ညက်မွတ်၍ အပြစ်ကင်းစင်ဘိ၏။ သူသည် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ဤတဖြစ်လဲ တောင်ပံများအကြောင်းကို စ၍လေ့လာတော့၏။ တောင်ပံများအတွင်းသို့ အားအင်စွမ်းပကား သွတ်သွင်းမှုကိုလည်း သူစတင်လေတော့၏။

တစ်နာရီလျှင် မိုင် (၂၅၀) နှုန်းဖြင့် ပျံနိုင်လာသောအခါ အလျားလိုက်တပြေးတည်း အမြန်ဆုံးပျံနိုင်သောနှုန်းသို့ ရောက်ခါနီးချေပြီဟု သူထင်၏။ တစ်နာရီလျှင် (၂၇၃) မိုင်နှုန်းဖြင့် ပျံလာနိုင်သောအခါတွင်လည်း ဤသည်ပင် အမြန်ဆုံးနှုန်းပေတည်းဟု ထင်မိပြန်၍ အနည်းငယ်မျှ စိတ်ပျက်နေမိ၏။ ဤကိုယ်ခန္ဓာအသစ်၏ စွမ်းနိုင်မှုသည် အကန့်အသတ်ရှိနေပေလိမ့်မည်။

ယခင်က အလျားလိုက် တပြေးတည်း အပျံ့နှုန်းထက် ယခုနှုန်းကား ပိုပင်ပိုငြားသော်လည်း အဆုံးစွန်သော အလျင်နှုန်းသို့မူ ရောက်ရှိနေပြီ။ ထိုစံချိန်ကိုချိုးရန် အလွန်ကြီးသော လုံ့လဝီရိယမျိုး လိုပေလိမ့်မည်။ ဤသို့သော ကောင်းကင်ဘုံမျိုး၌ အရာရာအဖို့ အတားအဆီး အကန့်အသတ် အပိတ်အပင် မရှိထိုက်ချေတကားဟု သူထင်မိ၏။

တိမ်များသည် ဟင်းလင်းပေါက်ကုန်၏။ သူ့အဖော် သူ့အစောင့်များက "လိုရာခရီးကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါစေ၊ ဘေးမသီ ရန်မခဘဲ သက်ဆင်းနိုင်ပါစေ၊ ယောနသံ" ဟု နှုတ်ဆက်ပြီးသော် မိုးပျံလေလျှိုး၍ ကွယ်ကုန်၏။

ယောနသံသည် ပင်လယ်တစ်ခု၏ အထက်မှ လွှသွားပုံနှယ် အထစ်အငေါ့ရှိသော ကမ်းရိုးတန်းဆီသို့ ပျံသန်းလျက်ရှိ၏။ တောင်ကမ်းပါးစောက်များပေါ်တွင် ဇင်ယော်အနည်းငယ်မျှသာလျှင် အထက်သို့ ထိုးတက်နေသော လေကြောင်းများကို စီးနင်းနေကြကုန်၏။ မြောက်ဘက်အဝေးတွင် မျက်မြင်တဆုံးရှိ မိုးကုပ်ကုပ်ကြီး ပိတ်ဆီးနေသော အရပ်၌လည်း ဇင်ယော်အနည်းငယ်မျှသာ ပျံနေကြကုန်၏။ အမြင်သစ်များ အတွေးသစ်များ အမေးသစ်များသည် သူ့၌ပေါ်လာကုန်၏။ အဘယ့်ကြောင့် ဇင်ယော်များ ဤမျှလောက် နည်းပါးနေသနည်း။ ဤလိုကောင်းကင်ဘုံမျိုးသည် ဇင်ယော်အုပ်များဖြင့် အပြည့်အသိပ် ဖြစ်နေသင့်လှ၏။ ငါလည်း ယခု ကောက်ကာငင်ကာ အဘယ့်ကြောင့် ဤမျှ မောဟိုက်လာရသနည်း။ ကောင်းကင်ဘုံမှ ဇင်ယော်များဟူသည် မောရိုးထုံးစံမရှိဆို။ အိပ်ရိုးထုံးစံလည်း မရှိဆို။

ဒီစကားကို သူဘယ်ကကြားခဲ့ပါလိမ့်။ မြေကြီးဘုံ၌ နေခဲ့ရသည့် သူ့ဘဝအကြောင်းကို သူတဖြည်းဖြည်း မေ့လေပြီ။ မြေကြီးဘုံသည် သူကိုယ်တိုင် အတတ်ပညာ အမြောက်အမြား သင်ယူတတ်ကျွမ်းလာခဲ့သည့် နေရာ ဖြစ်သည်ကား အမှန်ပင်။ သို့သော်လည်း ထိုနေရာ၌ ဖြစ်ဖူးကြုံဖူးသည်များကို အသေးစိတ် မမှတ်မိတော့။ မှုန်မွှားမွှား ရေးတေးတေး အရိပ်သဖွယ်သာ ဉာဏ်၌ ထင်နိုင်၏။ အစားအတွက် အလုအယက် တိုက်ကြရ ခိုက်ကြရဆိုလား . . . ဘာလား၊ ဖဲကြဉ်ခြင်းခံရ၊ သိက္ခာချကံပြုခြင်း ခံရဆိုလား . . . ဘာလား၊ သေသေချာချာတော့ မမှတ်မိတော့။

ကမ်းရိုးတန်းပေါ်ရှိ ဇင်ယော်တစ်ကျိပ်နှစ်ယောက်သည် သူ့ထံသို့လာ၍ တစ်ကောင်တစ်လေမျှလည်း ဘယ်စကားကိုမျှမပြော။ သူ့ကိုလာ၍ ပျူပျူငှာငှာ ခရီးဦးကြို ပြုကြသည်ကိုမူ ယောနသံသိ၏။ ဤနေရာသည် သူ့ဘုံသူ့နန်း သူ့အိမ်ဖြစ်ကြောင်းကိုလည်း သူသိ၏။ သူ့အဖို့ နေ့ထူးနေ့မြတ်ကြီး တနေ့ဖြစ်၏။ ထိုနေ့ကြီး၏ အစ နေထွက်ကိုမူ သူမမှတ်မိတော့။

ကမ်းခြေသို့ ဆင်းသက်ရန် သူလှည့်လိုက်၏။ တောင်ပံများကို ရိုက်ခတ်၍ မြေပေါ်မှ တစ်လက်မ အမြင့်တွင် တခဏမျှ တန့်ပြီးနောက် သဲပေါ်သို့ ပေါ့ပါးစွာ ခြေချလိုက်၏။ အခြားဇင်ယော်များလည်း သက်ဆင်းကြ၏။ သို့သော် သူနှင့် သက်ဆင်းပုံခြင်း မတူ။ တစ်ကောင်တစ်လေမျှ အတောင်ရိုက်ခတ်ဖို့ ဝေးစွ၊ အမွေးတစ်မျှင်ကိုသော်ပင် မလှုပ်ကြ။ သူတို့သည် တောင်စုံကို ဖြန့်လျက် လေထဲတွင် ဝိုက်ကာ၊ ဘယ်ကဲ့သို့ဟူမူ သူမသိ၊ အမွေးအတောင်များကို ကိုင်းညွှတ်လျက် ခြေထောက်များနှင့် မြေကြီး ထိလိုက်သည်နှင့် တပြိုင်နက် အပျံလည်းရပ်သွား၏။ အထိန်းအသိမ်း ကောင်းလိုက်လေခြင်းဟယ်။ အားကျဖွယ်ရာကြီး။ သို့သော်ယောနသံသည် တဟိုက်ဟိုက် တဟောဟောနှင့် အတော်ကြီးရှိနွမ်း၍ အပင်ပန်းကြီး ပင်ပန်းနေသဖြင့် စမ်းမကြည့်လိုတော့။ ကမ်းခြေသောင်ပြင်တွင် ရပ်လျက် ယခုတိုင်အောင် စကားလည်း တစ်ခွန်းမျှ မပြောဘဲ ကျိန်းစက်သွား၏။

နောက် နောက်နေ့ရက်များတွင် ယောနသံသည် ဤနေရာ၌လည်း ပျံသန်းခြင်း အတတ်ပညာအကြောင်း သင်ယူလေ့လာစရာ နိသယည်းများမှာ သူစွန့်ပစ်ခဲ့သော ဘုံဘဝဟောင်း၌ ကဲ့သို့ပင် အမြောက်အမြား ရှိနေသေးသည်ကို သိမြင်၏။ သို့သော် ခြားနားမှုတစ်ခုကားရှိ၏။ သူစဉ်းစားတွေးကြံသလို စဉ်းစားတွေးကြံကြသော ဇင်ယော်များ ဤနေရာ၌ရှိ၏။ သူတို့ ကိုယ်စီကိုယ်ငှ အဖို့ ဘဝ၏ အရေးအကြီးဆုံးကိစ္စသည် မိမိတို့၏ အနှစ်ခြိုက်ဆုံး အလုပ်မျိုး၌ အပြီးတိုင် ကမ်းကုန်အောင် တတ်မြောက်ပြည့်စုံခြင်းဆီသို့ လှမ်းတက်ရန်ဖြစ်၏။ သူတို့ အမြတ်နိုးဆုံး အပြုဆုံးအလုပ်သည်ကား ပျံသန်းခြင်း အတတ်ပညာပေပင်တည်း။ သူတို့ အားလုံးသည် ခံ့ညားသိုက်မြိုက်သော ငှက်များဖြစ်၏။ သူတို့သည် နေ့တရုပ တစ်နာရီပြီး တစ်နာရီ တရံမစဲ အပျံလေ့ကျင့်လျက် အထက်တန်း လေကြောင်းအတတ်ထူးများကို ကြံဆစမ်းသပ် တီထွင်နေကြကုန်၏။ ယောနသံသည် သူစွန့်ပစ် ထွက်ခွာလာခဲ့သော မြေကြီးဘုံအကြောင်းကို အတော်ကြာမြင့်စွာ မေ့နေ၏။ ထိုဘုံဟောင်း၌ ဇင်ယော်အုပ်သည် ပျံသန်းခြင်း အတတ်၏ ကောင်းကျိုးချမ်းသာကို မမြင်လို၍ မျက်စိများကို စေ့နေအောင် တအားကြီးမှိတ်လျက် အစားရှာရေးနှင့် အစားအတွက် ခိုက်ရန်များရေး အကျိုးကိုအတွက် သူတို့၏ တောင်ပံများကို အကြောင်းအရင်းပြုကာသာလျှင် နေကြကုန်၏။ ယောနသံသည် ရံဖန်ရံခါ ထိုလွန်ခဲ့သော ဘဝအကြောင်း တစ်ချက်တလေကို ခဏကြာမျှ သတိရ၏။

ယောနသံသည် သူ့ဘဝဟောင်း အကြောင်းကို တစ်နံနက်တွင် သတိရလာပြန်၏။ အပျံအတတ်သင် သူ့ဆရာနှင့်အတူ တောင်ပံများ ပိတ်လျက် လိမ့်ပျံ ပျံခြင်းအတတ်ကို လေ့ကျင့်ပြီးနောက် သောင်ပြင်ပေါ်သို့ ဆင်း၍ အနားယူနေစဉ်တွင် ဖြစ်၏။

ယောနသံသည် သူ့ဆရာအား ဤသို့မေးခွန်းထုတ်၏။ "ဆရာ ဆာလီဗင်၊ ဇင်ယော်တွေ ဘယ်ရောက်ကုန်ကြသလဲ" ဤသို့မေးလိုက်ရာတွင် နှုတ်မှ အသံမထွက်၊ စိတ်မနောဖြင့်သာ မေးလိုက်ခြင်းဖြစ်၏။ "ကီးကီးဂတ်ဂတ်" ဟူ၍ အသံမပြုဘဲ ဤဘုံမှ ဇင်ယော်များသည် တစ်ဦးနှင့်တစ်ဦး နှုတ်ပြောဖြင့်မဟုတ်၊ စိတ်မနောဖြင့်သာ ဆက်သွယ်ကြ၏။ ယောနသံလည်း ဤသို့ဆက်သွယ်မှု၌ လွယ်လင့်တကူ ကျင့်သားရလာ၏။ "သည်မှာ ဘာကြောင့် ကျုပ်တို့ ဇင်ယော်ဦးရေ နည်းနေရတာတုန်း" ကျုပ်နှင့် ခင်ဗျား နှစ်ကောင်တင်ပဲလား။ ကျွန်တော်ထွက်လာတဲ့ နေရာမှာဆိုရင် . . . "

"ဇင်ယော်တွေ ထောင်နဲ့ချီပြီးရှိတာကို ငါသိပါတယ်" ဟု ဆာလီဗင်က ခေါင်းတခါခါဖြင့် သူ့စကားကို ဆက်လိုက်၏။ "ငါသိတဲ့ အဖြေတစ်ခုတည်းကတော့ ယောနသံရယ်၊ မင်းဟာ ငှက်တစ်သန်းမှာ တစ်ကောင်ထူး အဖြစ်ကြီးဖြစ်လို့သာပေါ့။ တို့တတွေ အများစုဟာ ဒီကိုအလာအရောက် နှေးကြတယ်ကွဲ့။ တစ်ဘုံက အခြားဘုံကို ကူးပြောင်းကြရာမှာလဲ ရောက်ရှိလာတဲ့ တခြားဘုံဟာလဲ ဘုံဟောင်းနဲ့ ဆင်တူရိုးမှားဖြစ်တာမို့ ဘယ်ဘုံက တို့လာခဲ့သလဲဆိုတာကိုလဲ တို့မေ့သွားကြတယ်။ ဒီကနေ ဘယ်ဘုံကို ဦးတည်နေတယ်ဆိုတာလဲ တို့မမှု၊ ပစ္စုပ္ပန် တည့်တည့်ကြီးဖြစ်အောင် အခိုက်အတန့်ကို အခိုက်အတန့် အနေဖြင့်သာ တို့နေလေ့ရှိတာပဲ။ သတ္တဝါရယ်လို့ ဖြစ်လာရာမှာ ဘဝရဲ့ကိစ္စဆိုတာမျိုးဟာ စားဖို့ချည်းပဲ မဟုတ်ဘူး။ ရန်ဖြစ်နေဖို့ ချည်းလဲပဲ မဟုတ်ဖူး၊ ကိုယ့်အအုပ် အသင်းထဲမှာ တန်ခိုးအာဏာရဖို့ချည်းပဲလဲ မဟုတ်ဘူး။ ဘဝဆိုတာ ဒီထက်အဓိပ္ပါယ် ရှိတယ်လို့ တို့ပထမ မသိရခင်၊ ဘယ်နှစ်ဘဝခြား ကူးပြောင်း လာခဲ့ရသလဲ ဆိုတာကို အရိပ်အမြွက်လောက် မင်းသိရဲ့လား၊ ဘဝခြားပေါင်း အထောင်၊ ယောနသံ ဘဝခြားပေါင်း အသောင်းဟေ့၊ သည့်နောက် တခြားဘဝခြား တစ်ရာလောက်ဖြစ်ပြီးမှ အပြီးတိုင် ကမ်းကုန်အောင် တတ်မြောက်ခြင်း ဆိုတာလဲ ရှိပေသကိုးလို့ တို့သိစပြုလာတယ်။ တဖန် အခြားဘဝခြား နောက်ထပ် တစ်ရာလောက်ကြာမှ ဘဝရဲ့ကိစ္စတွေဟာ ဒီအပြီးတိုင် ကမ်းကုန်အောင် တတ်မြောက်ခြင်းကို တွေ့ဆိုက်ဖို့ရယ် ထုတ်ဖော်ပြသဖို့ရယ် ဖြစ်တယ်ဆိုတာ တို့သိလာရတယ်။ တို့တတွေလဲပဲ ဒီနိယာမအတိုင်း ဖြစ်ရတာအမှန်ပေါ့။ တို့ရဲ့ယခေါင် နောင်လာလတ္တံ့ ဘဝဟာလဲ ယခုဘဝမှာ သင်ယူဆည်းပူး တတ်မြောက်တာတွေပေါ်မှာ တည်တယ်။ ယခုဖြစ်ဆဲဘဝမှာ ဘဝမှ သင်ယူဆည်းပူး တတ်မြောက်ခဲ့ခြင်း မရှိရင် ယခေါင် နောင်ဖြစ်လတ္တံ့ ဘဝဟာလဲ ယခုဘဝနဲ့ ဘာမှထူးမှာ မဟုတ်ဘူး၊ တထေရာထဲပဲ ဖြစ်မှာပဲ ကျော်နင်းရဖို့ အကန့်အသတ်တွေ အချုပ်အချယ်တွေ အတားအဆီးတွေနဲ့ သယ်ပိုးရဖို့ ခဲအလေးဆွဲ တပြုံတခေါင်းကြီးနဲ့ ဖြစ်မြဲဖြစ်နေမှာပဲ။"

ဆရာ ဆာလီဗင်သည် သူ့အတောင်များကို ဖြန့်လျက် လေကြောင်းဆန်ရန် လှည့်လိုက်ပြီးလျှင် ဤသို့ပြော၏။ "ဒါပေမယ်လို့၊ ယောနသံ၊ မင်းဟာ တစ်ဘဝထဲမှာ တတ်မြောက်ခဲ့တာတွေက များလွန်းလို့ ကြားဘဝပေါင်း တစ်ထောင်မနေခဲ့ရဘဲ ဒီဘဝကို ရောက်လာတာပေါ့။"

တခဏအတွင်းပင် သူတို့နှစ်ကောင်သည် လေထဲသို့ ရောက်၍ လေ့ကျင့်နေကြ၏။ နှစ်ကောင်ဖြစ်သဖြင့် တစ်ကောင်က ဘယ်ဆိုလျှင် တစ်ကောင်ကညာ၊ တစ်ကောင်ကညာဆိုလျှင် တစ်ကောင်ကဘယ် တပြောင်းတပြန် လုပ်ရ၏။ ကိုယ်လိမ့်ပျံခြင်းသည် ယောနသံအဖို့ အထူးခက်၏။ အဘယ့်ကြောင့်ဟူမူး ယောနသံသည် သူ့ဆရာနှင့် ကပြောင်းကပြန် စဉ်းစား၍ လုပ်ကိုင်နေရသောကြောင့်တည်း။ ထိုတွင်မကသေး၊ လိမ့်ပုံ အချက်တိုင်းတွင်လည်း သူ့ဆရာနှင့် စည်းကိုက်ဝါးကိုက် ချက်ညီရသေး၏။

"ကဲ နောက်တစ်ကြိမ် ပြန်လုပ်ကြဦးစို့" ဟု ဆရာဆာလီဗင် ကဆို၏။ "နောက်တစ်ခါ ထပ်လုပ်ကြဦးစို့" ဟု ထပ်တလဲလဲခိုင်း၏။ နောက်ဆုံးတွင် "အေး၊ ကောင်းတယ်ဟေ့၊ ဟုတ်ပြီဟေ့" ဟု ဆို၏။ သည့်နောက် သူတို့သည် ထောင်လိုက် စက်ဝိုင်းပုံ အပျံကို စ လေ့ကျင့်ကြ၏။

တစ်ညသောအခါ ညဉ့်အပျံ မလုပ်ကြသော ဇင်ယော်များသည် သဲသောင်ပြင်ပေါ်၌ တစုတဝေးတည်း ရပ်လျက် စဉ်းစားခန်းထုတ်နေကြ၏။ ယောနသံသည် အရဲစွန့်ကာ အဖိုးအိုဆရာကြီးချန်း ဇင်ယော်ထံ ချဉ်းကပ်၏။ ဆရာကြီးချန်း ဇင်ယော်သည် ဤလောကမှ လွန်သောအရပ်သို့ ထွက်လိမ့်မည် ထွက်ရပ်ပေါက်သွား လိမ့်မည်ဟု ပြောစမှတ်ပြုကြ၏။ ယောနသံက "ဆရာကြီးချန်း ခင်ဗျား" ဟု မဆိုဝံ့ ဆိုဝံ့ဝံ့လျှင် ရှုံ့ရှုံ့ကြောက်ကြောက်နှင့် ခေါ်လိုက်၏။

အဖိုးအိုဇင်ယော်လည်း သူ့အား ကြင်နာစွာ ကြည့်၍ "အေး သားသား ဘာလဲ" ဟု ဆို၏။ အဖိုးအိုသည် အသက်အရွယ်ကြောင့် အိုမင်းမစွမ်း ဖြစ်နေရမည့်အစား ပို၍ပင် အားအင်နှင့် ပြည့်စုံနေသေး၏။ ငှက်အုပ်ထဲတွင် ပျံခြင်းအတတ်၌ သူ့မတူအောင် နိုင်နင်းကျွမ်းကျင်ပြီး ဖြစ်၏။ မည်သည့် ဇင်ယော်ကိုပင်မဆို အနိုင်ယူနိုင်၏။ အခြားဇင်ယော်များ တဖြည်းဖြည်းသာ လေ့ကျင့်သင်ယူနေရသော အတတ်မျိုးအားလုံးကို အဖိုးအိုသည် တတ်မြောက်ပြီး ဖြစ်၏။

"ဆရာကြီးခင်ဗျား။ ဒီနေရာဟာ ခေမာရိပ်မြုံတော့ လုံးလုံးမဟုတ်တန်ပါဘူး၊ ဟုတ်ပါသလား ဆရာကြီး"

အဖိုးအိုသည် လရောင်ထဲတွင် ပြုံးလျက် "ယောနသံ ဇင်ယော် မင်းဟာ လေ့လာသင်ယူနေဆဲပဲ" ဟု ဆို၏။

"ဒါဖြင့် ဒီကနေပြီး နောက် ဘာဖြစ်မှာလဲ၊ ကျွန်တော်တို့ ဘယ်ဆီကို ချီတက်နေကြပါသလဲ၊ ဘေးမဲ့ရိပ်မြုံ ဆိုတဲ့နေရာ မရှိဘူးလား"

"ဘယ်ဟုတ်မလဲ ယောနသံရယ်။ ခေမာရိပ်မြုံဆိုတာ မရှိဘူး။ ခေမာရိပ်မြုံဆိုတာ နေရာဌာနလဲ မဟုတ်ဘူး။ အချိန်ကာလလဲ မဟုတ်ဘူး၊ ခေမာရိပ်မြုံဆိုတာ အပြီးတိုင်အောင် တတ်စွမ်းခြင်းအဖြစ်၊ လိုလေသေး မရှိအောင် ပြည့်စုံခြင်း အဖြစ်ကို ခေါ်တာ။" အဖိုးအိုသည် ခဏကြာ ဆိတ်ဆိတ်နေပြီးလျှင် "မင်းဟာ တော်တော်မြန်မြန်ကြီး ပျံနိုင်သူ တစ်ဦးမဟုတ်လား" ဟုမေး၏။

"ကျွန် . . . ကျွန်တော် အမြန်ပျံတာကို သိပ်ကြိုက်ပြီး၊ အမြန်သာ ပျံရရင် ကျွန်တော် သိပ်ပျော်တာပဲ" ဟု ယောနသံက အံ့ဩသွား ဟန်ဖြင့်ပြော၏။ အဖိုးအိုက သူ့တော်မှန်းကို သိနှင့်ထားသည့် အတွက်လည်း ဂုဏ်ယူမိသည်။

"အပြီးတိုင် ကမ်းကုန်တဲ့ အမြန်နှုန်းကို မင်းစရောက်တာနဲ့ တပြိုင်နက် မင်းဟာ ချမ်းသာအတိ ခေမာရိပ်မြုံကိုလည်း စရောက်တာပဲ၊ ယောနသံ။ အဲဒီအမြန်နှုန်းဟာ တစ်နာရီကို မိုင်တစ်ထောင်လဲ မဟုတ်ဘူးကွ၊ မိုင်တစ်သန်းလဲ မဟုတ်ဘူးကွ၊ အလင်းရောင်ရဲ့ အမြန်နှုန်းလဲ မဟုတ်ဘူးကွ။ ဘာဖြစ်လို့လဲ ဆိုတော့ ဂဏန်းအရေအတွက် အခြင်အတွယ် အတိုင်းအတာဆိုတာ ဘယ်ဂဏန်းမဆို အကန့်အသတ်ရှိနေတဲ့ အတွက်ပဲ။ အပြီးတိုင်အောင် ပြည့်စုံတတ်စွမ်းခြင်းဆိုတာ အကန့်အသတ် နယ်နိမိတ်အစွန်အဖျား အမြိတ်အနား မရှိဘူးကွ။ . . . အပြီးတိုင် ကမ်းကုန်အောင် ပြည့်စုံတဲ့ အမြန်နှုန်းဆိုတာ၊ ငါ့သား၊ ခေမာကို ရောက်ရှိခြင်းပဲ . . ."

ဘာမပြော ညာမပြောနှင့် အဖိုးအိုသည် ရုပ်ခြည်းပျောက်ကွယ်သွားပြီးလျှင် ပေငါးဆယ်အကွာတွင် ရှိသော ရေစပ်၌ ဘွားကနဲ သွားပေါ်လေ၏။ ဤအဖြစ်အပျက် အားလုံးသည် တမုဟုတ်အတွင်း ဖြတ်ကနဲ ဖြစ်ပျက်ခြင်းသာ ဖြစ်၏။ ထိုနောက် ရှေးနည်းတူပင် စိတ္တက္ခဏ ( တစက္ကန့်၏ တစ်သန်းစိတ်တစ်စိတ် ) အတွင်းတွင် ပျောက်ကွယ်သွားပြီးလျှင် ယောနသံနှင့် ပခုံးခြင်း ယှဉ်ကာ ရပ်လျက်သား ဖြစ်နေပြန်၏။ အဖိုးအိုချန်းက "ဒါဟာ အပျော်ကစားခြင်း တစ်မျိုးပေါ့ကွယ်" ဟု ဆို၏။

ယောနသံသည် ရင်သပ်ရှုမော အံ့ဩသွား၏။ ခေမာရိပ်မြုံအကြောင်း ဆက်မေးရန်ပင် မေ့သွား၏။ "ဒီလိုဖြစ်အောင် ဘယ်နည်းနဲ့ လုပ်လိုက်တာလဲ။ ဒီလိုလုပ်တာ ကိုယ်ထဲ စိတ်ထဲ ဘယ်လိုဖြစ်သွားပါသလဲ။ ဘယ်လောက်ဝေးဝေးအထိ ဒီလိုလုပ်နိုင်ပါသလဲ။"

အဖိုးအိုက "သွားလိုရာ ဘယ်လိုဌာနမျိုးကိုမဆို ဘယ်လိုအချိန်ကာလမျိုးကိုမဆို ပေါက်ရောက်နိုင်တာပေါ့" ဟု ဖြေကြား၏။ "ငါဟာ စိတ်ကူးပေါက်တဲ့ နေရာတိုင်း နေရာတိုင်းနဲ့ ကာလတိုင်း ကာလတိုင်းဆီကို သွားရောက်ခဲ့ပြီးပြီ။" အဖိုးအိုသည် ပင်လယ်ဘက်သို့ လှမ်းကြည့်ပြီးလျှင် ဤသို့ ဆက်ပြန်၏။ "အံ့သြစရာပဲကွာ။ ခရီးတွင်မှုကိုသာ အဓိက ထားပြီး အပြီးတိုင် ကမ်းကုန်အောင် ပြည့်စုံမှုကိုတော့ မထေမဲ့မြင်ပြုတဲ့ ဇင်ယော်များဟာ ခရီးလဲကြန့်ကြာတယ်။ ဘယ်ကိုမှလဲ မရောက်ဘူး။ အပြီးတိုင် ကမ်းကုန်အောင် ပြည့်စုံမှုကို ပဓာနပြုပြီး ခရီးတွင်မှုကို သာမညပြုတဲ့ ဇင်ယော်များဟာ ဘယ်ဆီကိုမဆို သွားနိုင်ကြတယ်။ ခုချက်ချင်းဆို ချက်ချင်းပဲ ပေါက်ရောက်နိုင်ကြတယ်။ ယောနသံ၊ မှတ်ထားနော်၊ ခေမာရိပ်မြုံဆိုတာ နေရာဌာနလဲ မဟုတ်ဘူး၊ အချိန်ကာလလဲ မဟုတ်ဘူးဆိုတာ။ ဘာဖြစ်လို့လဲဆိုတော့ ဌာနကာလဆိုတာတွေဟာ အဓိပ္ပါယ် ရှိကို မရှိလို့ပဲကွ။ ခေမာရိပ်မြုံဆိုတာ . . . "

ယောနသံသည် မသိသေး မတတ်သေးသည့် အရာကို သိချင်ဇော တတ်ချင်ဇော မွှန်မွှန်ဖြင့် ကိုယ်များပင် တုန်လာလျက် အဖိုးအိုအား "ခုနက ပျံသလို ပျံတတ်အောင် ကျွန်တော့်ကို သင်မပေးနိုင်ဘူးလား ခင်ဗျာ" ဟု မေးလိုက်ရာ၊ အဖိုးအိုက "သင်ပေးနိုင်တာပေါ့ မင်းသာ သင်ယူချင်ရင်" ဟု ဖြေ၏။

"ကျွန်တော် သင်ယူလိုပါတယ်။ ဘယ်တော့ သင်ပေးမှာလဲ"

"ခုပေါ့၊ မင်းကြိုက်ရင်"

"ခုနလို ကျွန်တော် ပျံတတ်ချင်လိုက်တာ" ဟု ယောနသံက ဆို၏။ သူ့မျက်လုံးများ အတွင်းတွင် ထူးဆန်းသော အရောင်တစ်ရောင်သည် ဝင်းတောက်လာ၏။ "ကျွန်တော် ဘာလုပ်ရမလဲ ဆိုတာကိုသာ ပြောပါ။"

အဖိုးအိုချန်းသည် ဇင်ယော်ငယ်ကို တချိန်လုံး သေချာစွာ စူးစူးစိုက်စိုက် ကြည့်လျက် နှေးနှေးပြောဆို၏။ စိတ်မြန်သလောက် အပျံမြန်နိုင်ဖို့ (ဘယ်ဆီကိုမဆိုပေါ့ကွာ) မင်း စလုပ်ရမည့် အလုပ်ကိုတော့ မင်းဟာ သွားလိုရာ ခရီးကို ရောက်နှင့်နေပြီးလို့ သိလိုက်ခြင်းပဲ . . . ”

အဖိုးအိုချန်း၏ အပြောအရ ယောနသံအဖို့ အဓိကအချက်ဟာ ကိုယ့်ကိုယ်ကိုကိုယ် မြင်ပုံမြင်နည်း ပြောင်းလိုက်ဖို့ပဲ။ သူဟာ တောင်ပံအဖြန့် လေးဆယ့်နှစ်ပေရှိသော ဤကိုယ်ခန္ဓာအတွင်းတွင် လည်းကောင်း၊ ပုံစံများချ၍ မှတ်သားထားနိုင်သော ပျံနည်း ပျံဟန်အမျိုးမျိုးကို ပျံနိုင်စွမ်းရှိသည့် ဤကိုယ်ခန္ဓာ အတွင်းတွင်လည်းကောင်း၊ အကန့်အသတ် အချုပ်အချယ် ရှိနေသော ကိုယ်ခန္ဓာ အတွင်းတွင်လည်းကောင်း၊ ပိတ်လှောင်ထားခြင်း ခံနေရသူဟူ၍ သူ့ကိုယ်သူ မြင်နေခြင်းကို ရပ်စဲပစ်လိုက်ရမည်။ သူ့ရဲ့ သဘာဝအမှန်သည် ရေးမှတ်ခြင်း မပြုရသေးသော ဂဏန်းကဲ့သို့ ပြီးပြည့်စုံ၍ ဌာန ကာလတို့ကို လွှမ်းမိုးကာ နေရာတိုင်း နေရာတိုင်း၌ တချိန်တည်း ရောက်ရှိနေလေသည်ဟု အသိဉာဏ်အလင်း ထင်ရှားဖြစ်ခြင်းသည် သာလျှင် အဓိက ဖြစ်၏။

---

# ၄က်အုပ်လောကသို ပြန်သွားခြင်း

ယောနသံသည် ဤအချက် ဤအထာကို သဲသဲမဲမဲ မှတ်သားဆွဲကိုင်လျက် တနေ့ပြီးတနေ့ နေမထွက်မီက ညဥ့်သန်းခေါင်ကျော်အထိ ကြိုးစားအားထုတ်လေ၏။ သို့ကြိုးစားပေမင့်လည်း သူသည် မူလရပ်နေသော နေရာမှ တစ်ဆံခြည်မျှမရွေ့။

အဖိုးအိုချန်းက "ယုံကြည် အားထားမှုဆိုတာကို မေ့ပစ်လိုက်၊ မေ့ပစ်လိုက်ဟု ထပ်ခါထပ်ခါ ပြောလေ့ရှိ၏။ "အပျံတတ်ဖို့ဆိုတာ ယုံကြည်အားထားမှုမလိုဘူးကွ။ ပျံခြင်းအတတ်ကို နားလည်ဖို့သာလိုတယ်။ ယုံကြည်အားထားမှုနှင့် ပျံခြင်းအတတ် နားလည်မှုဆိုတာ အတူတူပဲ။ ကဲနောက်တစ်ကြိမ် ထပ်ကြိုးစားဦး။"

ထိုနောက် တစ်နေ့သောအခါ ယောနသံသည် ကမ်းပေါ်၌ရပ်လျက် မျက်စိများကို မှိတ်ကာ စိတ်စူးစိုက်မှုအလုပ်ကို လုပ်နေ၏။ ထိုစဉ်တွင် အဖိုးအိုက သူ့အား ယခင်တလျှောက်လုံး ပြောဆိုဆုံးမခဲ့သမျှ အလုံးစုံကို ယောနသံသည် ညဏ်ရောင်လက်လက် လျှက်တပြက်ဖြင့် တမုဟုတ်ချင်း ထိုးထွင်း၍ သိလိုက်၏။ "ဟ . . . မှန်လိုက်လေခြင်း၊ ငါဟာ အပြီးတိုင် ကမ်းကုန်အောင် ပြီးပြည့်စုံတဲ့ ဇင်ယော်တစ်ကောင် ဖြစ်နေပါပကော၊ အကန့်အသတ် အချုပ်အချယ် မရှိတဲ့ ဇင်ယော်ပဲ" ဟု သူသည် ဝမ်းသာလုံး ဆိုသွား၏။

အဖိုးအိုကြီးချန်းက အောင်မြင်သော အသံမျိုးဖြင့် "အေး . . . ကောင်းတယ်ဟေ့" ဟု ဆို၏။

ယောနသံသည် မျက်စိများကို ဖွင့်လိုက်၏။ ယခင် သူနေဖူးသော ကမ်းခြေမျိုးနှင့် လုံးဝကွဲပြားခြားနားသော ကမ်းခြေတစ်ခုပေါ်၌ အဖိုးအိုကြီးချန်းနှင့်အတူ နှစ်ယောက်တည်းရပ်လျက်သား ဖြစ်နေ၏။ ရေစပ်အထိ သစ်ပင်များရှိ၏။ အထက်ကောင်းကင်တွင် နေဝါ အမွှာပူးနှစ်စင်းလည်း လှည့်လျက်ရှိ၏။

အဖိုးအိုကြီးချန်းက "နောက်ဆုံးတော့ မင်းဟာ ထိုးထွင်းဟုတ်မှန် အသိညဏ်ကို ပေါက်ရောက်သွားပြီပဲ။ ဒါပေမယ့် အထိန်းအသိမ်းအလုပ်မှာ မင်းနဲနဲလိုသေးတယ်" ဟု ဆို၏။

ယောနသံသည် ကြက်သေသေလျက် "ကျွန်တော်တို့ ခု ဘယ်ကို ရောက်နေကြသလဲ" ဟု မေး၏။

ထူးဆန်းသော ပတ်ဝန်းကျင်ကို လုံးဝဂရုမပြုဘဲ အဖိုးအိုကြီးသည် ထိုမေးခွန်းကို ဤစကားတို့ဖြင့် ဖယ်ရှားပစ်လိုက်၏။ "ဂြိုလ်တစ်ခုပေါ် ငါတို့ရောက်နေတာ အထင်အရှားပေါ့၊ ကောင်းကင်စိမ်းစိမ်းနဲ့၊ နေလဲနှစ်စင်းပေါ့။"

ယောနသံသည် အပျော်ကြီးပျော်လွန်း၍ "ဖြစ်တယ်ဟေ့" ဟု အော်လိုက်မိ၏။ ဤအသံသည် သူမြေကြီးဘုံမှ ထွက်ခွာလာခဲ့သည့် နေ့မှစ၍ သူ၏နှုတ်မှ ပထမဦးဆုံး ထွက်မြည်တွန်မြူးသော ဥဒါန်းကျူးခြင်း အသံပေတည်း။

"ဖြစ်တာပေါ့၊ ယောနသံရယ်" ဟု အဖိုးအိုက ဆို၏။ "မင်းဘာလုပ်နေတယ်ဆိုတာကို မင်းသာသိနေရင် ဘာမဆို အမြဲတန်း ဖြစ်တာပေါ့။ ကဲ . . . အခု အထိန်းအသိမ်း အကြောင်း . . ."

သူတို့ပြန်ကြသောအခါ မှောင်နေလေပြီ။ အခြားသော ဇင်ယော်များသည် ယောနသံကို ရွှေရောင်အဆင်းရှိသော မျက်စိများဖြင့် ကြောက်ကြောက်ရွံ့ရွံ့ ကြည့်ကြ၏။ အဘယ့်ကြောင့်ဆိုသော် အမြစ်စိုက်တွယ်ဘိသကဲ့သို့ မလှုပ်မရှက် ကြာမြင့်စွာ ရပ်နေရာမှ ဖြုန်းကနဲ ယောနသံ ပျောက်ကွယ်သွားသည်ကို ဆတ်ဆတ်ကြီး သူတို့ မြင်လိုက်ရသောကြောင့်တည်း။

ယောနသံသည် ဇင်ယော်အများ၏ ချီးမွမ်းစကားကို ခဏမျှသာ သည်းခံလျက် နားထောင်ပြီးလျှင် "ကျွန်တော်ဟာ ဒီမှာ ဇင်ယော်သစ်ပါ၊ စကာစကာ ရှိပါသေးတယ်။ ခင်ဗျားတို့ ဆီကသာ ကျွန်တော်က သင်ယူဆည်းပူးရမှာပါ" ဟု ဆို၏။

အနီးတွင် ရပ်နေသော ဆရာဆာဗီလင်က ဤသို့ဆို၏။ "ဒါတော့ မဟုတ်ဘူးထင်တယ်၊ ယောနသံ။ အနှစ်တစ်သောင်းအတွင်း ငါကိုယ်တိုင်တွေ့ဖူးခဲ့တဲ့ ဇင်ယော်ငှက်တွေ အားလုံးထဲမှာ မင်းတစ်ယောက်ဟာဖြင့် သင်ယူဆည်းပူးတဲ့ နေရာမှာ အကြောက်အရွံ့ အတွန့်အဆုတ် အနည်းဆုံးပဲ။" ငှက်အုပ်သည် ငြိမ်သွား၏။ ယောနသံလည်း ရှက်ကိုးရှက်ကန်းဖြင့် ဂဏာမငြိမ် ဖြစ်နေ၏။

အဖိုးအိုချန်းသည် ဤသို့အမိန့်ရှိ၏။ "မင်းအလိုရှိရင်၊ အချိန်ကာလကို ကျော်နင်းတဲ့ အလုပ်နဲ့ တို့စကြတာပေါ့။ ဖြစ်ပြီးအတိတ် ကာလဆီသို့ရော ဖြစ်လတ့် အနာဂါတ်ကာလဆီကိုပါ ပျံနိုင်တဲ့ အထိပေါ့။ အဲဒီအခါကျတော့ မင်းဟာ အခက်ဆုံးအလုပ်၊ တန်ခိုးအရှိဆုံး အလုပ်၊ ပျော်စရာ အကောင်းဆုံး အလုပ်ကို စလုပ်ဖို့ အသင့်ဖြစ်နေပေလိမ့်မယ်။ အဲဒီအလုပ်ကတော့ တခြားမဟုတ်ဘူး၊ အထက်ကိုပျံတက်ပြီး သနားခြင်း တရားတော်မြတ်နဲ့ ချစ်ခြင်းတရားတော်မြတ်တို့ရဲ့ အဓိပ္ပါယ်အတ္ထကို သိရှိအောင် လေ့လာဖို့ပဲ။"

တစ်လ သို့မဟုတ် တစ်လနှင့် အလားတူဟု ထင်ရသော အခြင်းအရာသည် ကုန်လွန်လေပြီ။ ယောနသံသည် ပညာဆည်းပူး တတ်ကျွမ်းသည့် နှုန်းမှာ ကြောက်ခမန်းလိလိ ဖြစ်ဘိ၏။ သူသည် အတွေ့အကြုံ ရိုးရိုးများတွင် အမြဲတန်း အတတ်မြန် လှ၏။ ယခုမူ သူသည် အဖိုးအိုချန်း၏ အထူးတပည့်ကျော် ဖြစ်သည်မို့ အမွေးအတောင် တဖွားဖွားနှင့် ခေတ်မီ ကွန်ပြူတာ စက်ငှက်ကြီးပမာ ပညာသစ် ဉာဏ်သစ်များကို သိမ်းကျုံးလက်ခံနေပေသတည်း။

မပြန်လမ်းအတိုင်း ထွက်ရပ်ပေါက်၍ အဖိုးအိုချန်း ကွယ်ပျောက်သွားတော့မည့် နေ့ရက်ကား ဆိုက်ရောက်လေပြီ။ အဖိုးအိုသည် ရှေးရှေးကတည်းကစ၍ ယခုတိုင်အောင် ဇင်ယော်များအား အေးဆေးသာယာစွာ စကားပြောဆိုလျက် ဘဝဟူသရွေ့၏ မမြင်အပ်သော သဘောတရားကို ပို၍ ထိုးထွင်းသိရှိလာအောင် မရပ်တမ်း ဆည်းပူးနေကြရန်၊ မလျှော့တမ်း လေ့ကျင့်နေကြရန်၊ မဆုတ်တမ်း အားထုတ်နေကြရန်၊ လှုံ့ဆော် တိုက်တွန်းခဲ့၏။ ထိုနေ့ ထိုအခါ ထိုသို့ ဇင်ယော်များအား ချေချွတ်ဆုံးမ နေစဉ်ပင် အဖိုးချန်း၏ အမွေးအမှျင်တို့သည် ဝင်းတောက်လာ၏။ အခြား ဇင်ယော်များက သူ့အား မကြည့်နိုင်သည် အထိမျှပင် ထိန်ထိန်ကြီး ဝင်းလက်လာ၏။

အဖိုးအို၏ အန္တိမ နောက်ဆုံးစကားများမှာ "ယောနသံ၊ ချစ်ခြင်းတရားတော်မြတ် လုပ်ငန်းကို မင်းဆက်ပြီး ကျင့်ကြံ အားထုတ်နေပေတော့" ဟူသတည်း။

ဇင်ယော်တို့သည် မျက်စိများကို တဖန်ဖွင့်နိုင်၍ ဖွင့်ကြည့်လိုက်သောအခါ အဖိုးအိုချန်း မရှိတော့ပြီ။

နေ့ရက်များ ကုန်လွန်လေသော် ယောနသံသည် သူထွက်ခွာလာသော မြေကြီးဘုံ အကြောင်း မကြာခဏတွေးနေမိသည်ကို သတိထားမိ၏။ ဟိုမှာတုန်းက အခုသိတာရဲ့ ဆယ်ပုံတစ်ပုံ သို့မဟုတ် အပုံတစ်ရာပုံ တစ်ပုံမျှလောက်ကို တကယ်လို့များ သိခဲ့ရလျှင် ဘဝဆိုတာ ဘယ်လောက်များ အဓိပ္ပါယ် ရှိလိမ့်မလဲ။ ယောနသံသည် သဲသောင်ပြင်ပေါ် ရပ်လျက် ဟိုမြေကြီးဘုံမှာ အကန့်အသတ် အချုပ်အချယ်ထဲက လွတ်မြောက်အောင် ကြိုးစားနေတဲ့ ဇင်ယော်တစ်ကောင် တစ်လေတော့ဖြင့် ရှိကောင်းရှိနေလိမ့်မည် ဟုလည်းကောင်း၊ ပျံသန်းမှု၏ အဓိပ္ပါယ် အတ္ထသည် လေ့တစ်စင်းက ပေါင်မုန့်တစ်ဖဲ့ တစ်စရစေရန်အတွက် ခရီးထွက်ရန် ကိစ္စသာပဲ ဟူသောအမြင်အယူဖြင့် မကျေမနပ်နိုင်သည့် ဇင်ယော် တစ်ကောင်တစ်လေတော့ဖြင့် ရှိကောင်း ရှိနေလိမ့်မည်ဟု လည်းကောင်း၊ ငှက်အုပ်ဗိုလ်ပုံ အလည်တွင် မိမိတွေ့ရှိလာသော အမှန်တရား အကြောင်းကို ဖွင့်ပြောမိသဖြင့် အကြဉ်အဖဲ ခံရသော ဇင်ယော်မျိုးပင် တစ်ကောင်တစ်လေတော့ဖြင့် ရှိကောင်းရှိနေလိမ့်မည်ဟု လည်းကောင်း၊ ကြံစည်တွေးတောနေ၏။ ယောနသံသည် ချစ်ခြင်းတရားတော်မြတ် သင်ခန်းစာများကို လေ့ကျင့်လေ၊ ချစ်ခြင်းတရားတော်မြတ်၏ သဘောကို သိရှိလာအောင် ပို၍လုပ်လေလေ၊ မြေကြီးဘုံသို့ ပြန်သွားလိုစိတ် ပို၍ပေါ်လေလေ ဖြစ်နေ၏။ အဘယ့်ကြောင့်ဆိုသော် ယောနသံသည် တစ်ကောင်ကြွက်ဘဝနှင့် နေခဲ့သော်ငြားလည်း နည်းပြဆရာတစ်ဦးဖြစ်ဖို့ ကံဇာတာ ပါလာသူ ဖြစ်နေသောကြောင့်တည်း။ ထို့ပြင်ဘဝ ယောနသံသည် ချစ်ခြင်းတရားတော်မြတ် ပွားများရေးနှင့် စပ်လျဉ်း၍ ဤသို့သာ ခံယူလိုခြင်း ဆန္ဒရှိနေသောကြောင့်တည်း။ သစ္စာအမှန်တရားကို ကိုယ်တိုင်ထိတွေ့ခံစားဖို့ နည်းကောင်းလမ်းကောင်း ကလေးကိုမျှ တောင်းဆိုလာသော အခြားဇင်ယော် တစ်ကောင်တစ်လေအား သူတွေ့ဖူးသော အမှန်တရားကို ဝေမျှပေးအပ်ခြင်းသည် ချစ်ခြင်းတရားတော်မြတ်ကို လက်တွေ့ကျင့်သုံး ဆောက်တည်ခြင်း မည်ပေ၏ ဟူလို။

စိတ်အကြံအစည်နှင့် အမြန်နှုန်းချင်းတူအောင် ပျံသန်းခြင်း အတတ်၌ အလေ့အကျက် ဝသီဘော် မြောက်ပြီးဖြစ်၍ ထိုနည်းကို အခြားဖင်ယော်များအား သင်ကြားပို့ချနေရသော ဆရာဆာလီဗင်အဖို့မူ ယောနသံနှင့် အတွေးအယူချင်း မတိုက်ဆိုင်။ ဆရာ ဆာလီဗင်သည် သံသယဖြင့် ဤသို့ပြော၏။ "ယောနသံရယ်၊ မင်းဟာ တစ်ကြိမ်က အကြဉ်ခံ ဖြစ်ဖူးတယ်။ မင်းဘဝဟောင်းက ဖင်ယော်တွေက မင်းရဲ့စကားများကို လက်ခံနားဆင်ကြလိမ့်မည်လို့ မင်းဘာကြောင့် ထင်မိသလဲ။ ဟိုစကားပုံကို မင်းကြားဖူးမှာပေါ့။ အမြင့်ဆုံးပျံတဲ့ ဖင်ယော်ဟာ အဝေးဆုံး မြင်တယ်တဲ့။ ဒီစကားပုံဟာ သွေးထွက်အောင် မှန်တယ်။ မင်းလာခဲ့တဲ့ဘုံက ဖင်ယော်တွေဟာ မြေကြီးပေါ်မှာ တဂီးဂီးတဂပ်ဂပ်နဲ့ တဟောင်ဟောင် တလောင်လောင် အချင်းချင်း ရန်ဖြစ်နေကြတာ။ ဒီချမ်းမြေ့ရိပ်မြုံက မိုင်တစ်ထောင်လောက် အဝေးမှာ သူတို့ရှိကြတာ။ ဒါနဲ့တောင် သူတို့ရှိနေတဲ့ နေရာကနေပြီး ဒီဘုံကိုလှမ်းမြင်ရအောင် မင်းက လုပ်ပေးချင်တယ်လို့ မင်းကဆိုနိုင်သေးပလေကွယ်၊ ယောနသံရယ်၊ သူတို့ဟာ သူတို့ရဲ့ အတောင်ဖျားတွေကိုတောင် မမြင်နိုင် ဖြစ်နေတာပဲ။ ဒီမှာ နေစမ်းပါ။ မင်းပြောစရာ ရှိတာတွေကို နားလည်လာအောင် ဘဝအဆင့်မြင့်နေတဲ့ ဒီကဖင်ယော်များကိုသာ ကူညီနေစမ်းပါ" ဆရာဆာလီဗင်သည် ဤနေရာတွင် ခဏမျှ ရပ်ဆိုင်းပြီးနောက် ဤသို့လည်း ဆက်ပြောသေး၏။ "စဉ်းစားကြည့်စမ်းပါ၊ အဖိုးအိုချန်းသာ သူ့ဘုံဘဝဟောင်း များဆီကို ပြန်သွားခဲ့ရင် ဘာဖြစ်မလဲ၊ ဒီလိုဆို မင်းကော ဘယ်လိုနေရာမျိုးကို ရောက်နေမလဲ ဆိုတာလေ"

ဤနောက်ဆုံးမေးခွန်းသည် အထိဆုံး အမိဆုံး ဖြစ်၏။ ဆရာ ဆာလီဗင်ပြောတာ မှန်ပေတယ်။ အမြင့်ဆုံးပျံတဲ့ ဖင်ယော်ဟာ အဝေးဆုံး မြင်သတဲ့။

အလွန်ဉာဏ်ကောင်း၍ သင်ကြားရလွယ်သော ဖင်ယော်ငှဲ့သည်များ နှင့်အတူ ယောနသံ ဆက်နေ၏။ သို့သော်လည်း သူ့ဆန္ဒအလိုဟောင်းသည် ပြန်၍ပေါ်လာ၏။ သင်ကြားပေး၍ ရမည့် ဖင်ယော် တစ်ကောင် နှစ်ကောင်လောက်တော့ဖြင့် မြေကြီးဘုံမှာ ရှိကောင်းရှိမှာပဲ။ သူကိုယ်တိုင် မြေကြီးဘုံမှာ အကြဉ်ခံ ဖြစ်နေရတုန်းက အဖိုးအိုချန်းသာ ရောက်လာခဲ့မယ်ဆိုရင် သူ့အခု ဘယ်ကလောက်ထိ ပိုပြီး အသိပညာတွေ ရှိနေလိမ့်မလဲ။

ယောနသံသည် နောက်ဆုံးတွင် မနေနိုင်တော့ပဲ ဆာလီဗင်အား ဤသို့ပြောလေတော့၏။ "ဆာလီ၊ ကျွန်တော် မြေကြီးဘုံကို ပြန်သွားမှ ဖြစ်တော့မယ်။ ဆရာ့ရဲ့ တပည့်တွေဟာ ဟန်ကျနေပြီပဲ။ ဖင်ယော်သစ်တွေ ထပ်ရောက်လာရင် သူတို့ဟာ ဆရာ့ကို ကူညီနိုင်ပါလိမ့်မယ်။"

ဆရာ ဆာလီဗင်သည် သက်ပြင်းချသော်လည်း အငြင်းစကား မပွားတော့။ "ငါ့မှာ မင်းကို လွမ်းလို့ တသသ ဖြစ်နေတော့မှာပဲ၊ ယောနသံရယ်" ဟုသာ ဆို၏။

ယောနသံသည် သူ့ဆရာအား အပြစ်တင်စကား ဤသို့ဆို၏။ "ရှက်စရာကြီး၊ ဆရာဆာလီရယ်။ မတွေဝေစမ်းပါနဲ့။ ဒီလိုဆို ကျွန်တော်တို့ နေ့စဉ်လေ့ကျင့်နေတာဟာ ဘာလဲ။ ကျွန်တော်နဲ့ ဆရာ မိတ်ရင်းဆွေရင်းတွေ ဖြစ်နေတာဟာ အကယ်၍များ ဌာနနဲ့ ကာလမျိုးပေါ်မှာသာ တည်နေတယ်ဆိုရင် ဌာနနဲ့ကာလ နှစ်ခုစလုံးက ကျွတ်အောင် လွတ်အောင် ကျွန်တော်တို့ အောင်မြင်လာတဲ့ အခါ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ အသင်းအပင်း မိတ်ဆွေ အဖြစ်ကို ဖျက်ဆီးပစ်ရာ ရောက်မသွားပေဘူးလား။ ဌာနဆိုတာကို အနိုင်ယူလိုက်ရင် 'ဒီနေရာ' ဆိုတာပဲ ကျန်ရှိတော့တယ်၊ ကာလဆိုတာကို အနိုင်ယူလိုက်ရင် 'ခု ဒီအချိန်' ဆိုတာပဲ ကျန်ရှိတော့တယ်။ ဒီတော့ 'ဒီနေရာ' နဲ့ 'ခု ဒီအချိန်' စပ်ကြား အလယ်မှာ ဆရာနဲ့ ကျွန်တော် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်လောက်တော့ တွေ့ဆုံကောင်း တွေ့ဆုံနိုင်လိမ့်မယ်လို့ ဆရာမထင်ပေဘူးလား" ဆာလီဗင်သည် မရယ်ဘဲ မနေနိုင်တော့။ သူက ကြင်နာစွာ ပြောဆိုသည်မှာ "ဟော့၊ ငှက်ရူး။ မြေကြီးဘုံ တစ်ရိုးမှာ ရှိတဲ့ ဖင်ယော်တစ်ကောင်ကောင်ကို အထက်မိုင်တစ်ထောင်က လှမ်းမြင်နိုင်အောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ထူးများ ပေါ်လာရင်လေ အဲဒီ ပုဂ္ဂိုလ်ကြီးဟာ ယောနသံပဲလို့ ငါတော့ အောက်မေ့လိုက်မှာပဲ။" ဆာလီဗင်သည် သဲပြင်ကို ငုံကြည့်လျက် "သွားရော့ခရီး၊ မိတ်ဆွေကြီး ယောနသံ" ဟု နှုတ်ဆက်လိုက်၏။

"သွားပြီ၊ ဆရာဆာလီဗင်။ ကျွန်တော်တို့ ပြန်တွေ့ကြဦးမှာပဲ။" ထိုနှုတ်ဆက်သံများ နှင့်အတူ ယောနသံသည် အခြားသော ကာလတစ်ခု၏ ကမ်းခြေပေါ်၌ ရှိနေသော ဖင်ယော်အုပ် ကြီးများဟူသည့် နိမိတ်ပုံကို စိတ်ထဲတွင် လှမ်းမြင်မိလိုက်၏။ ငါဟာ အရိုးနဲ့ အမွေးဆိုတဲ့ ရုပ်ဓာတ်သာ မဟုတ်ဘူး၊ ဘာကမျှ ကန့်သတ် ချုပ်ချယ်မထားတဲ့ ကျွတ်တမ်းဝင်တရားနဲ့ လွတ်မြောက်စွာ ပျံသန်းမှုတရားတွေကို ထိုးထွင်းသိမြင်တဲ့ ဉာဏ်ပညာဆိုတဲ့ နာမ်ဓာတ်တစ်ခုပဲဟု ဝသီဘော်မြောက်ပြီးသော စိတ်ဖြင့် သူ့ကိုယ်သူလည်း ပြန်၍ ဆင်ခြင်မိ၏။

## သင်တန်းစခြင်း

ဖလက်ချာလင်း၏ ဇင်ယော်သည် ငယ်ပင်ငယ်ရွယ်သော်လည်း ဘယ်ငှက်အုပ်မျိုးကမျှ ဤမျှလောက် ရက်ရက်စက်စက် ဤမျှ အဓမ္မတရားမဲ့ ညှင်းဆဲကလူပြုခြင်းကို ခံရသော သူ့လိုငှက်မျိုးမရှိ လေတကား ဟူသော အဖြစ်မှန်ကိုမူ ကောင်းကောင်းကြီးသိရှိ၏။

"သူတို့ဘာပြောပြော ငါတော့ ဂရုမစိုက်ဘူး" ဟု သူတွေးတော မိနေသည်။ ဝေးလံလှသော ကမ်းပါးစောက်များသို့ ပျံသွားရင်း သူ့မျက်စိများသည် ရီဝေလာ၏။ "ပျံသန်းမှုဆိုတာ နေရာတစ်ခုက အခြားတစ်နေရာကို ရောက်အောင် အတောင်များကို တဖပ်ဖပ် ရိုက်လှုပ်နေခြင်းသာ မဟုတ်ဘဲ ဒါထက် အဓိပ္ပါယ်ရှိရမယ်။ ဘာမဟုတ်တဲ့ ခြင်က . . . က . . . ကောင်တွေလဲ အတောင်တဖပ်ဖပ် ရိုက်လှုပ်တတ်သားပဲ။ သက်ကြီးရွယ်ကြီး ဖြစ်တဲ့ ဇင်ယော်တစ်ကောင်ကို လှည့်ပတ်ပျံပြီး စည်လိုမ့်ပုံ ပျံနည်း ပျံပြမိတာကလေးနဲ့ အကြည်ခံ ဖြစ်ရလေတယ်။ သူတို့တတွေဟာ ကြောင်တောင်ကန်းတွေများ ဖြစ်နေရော့သလား။ သူတို့တတွေ မမြင်နိုင်ဘူးလား။ ပျံခြင်းအတတ်ကို တကယ်တတ်လို့ ရလာမည့် ဘုန်းတန်ခိုး ကျက်သရေ အကြောင်းကို သင်းတို့ စဉ်းစားမကြည့် နိုင်ဘူးလား။"

"သင်းတို့ ဘာထင်ထင်၊ ငါတော့ ဂရုမစိုက်။ ပျံခြင်းအတတ် ဆိုတာ ဘာရယ်လို့ သင်းတို့ သိအောင် ငါပြလိုက်မယ်။ သင်းတို့ အယူအဆအတိုင်း ငါဟာ ပုန်စားပုန်ကန်လိုသော သဘောရှိနေတယ်ဆိုရင် သူပုန်သူကန် အစစ်ကြီး ဖြစ်နေတာကိုပဲ ငါဂုဏ်ယူတယ်။ ဘာဖြစ်သေးသလဲ။ သင်းတို့ တစ်နေ့ကျရင် ဝမ်းနည်းပက်လက် ဖြစ်လာအောင် ငါလုပ်ပြမယ် . . ." စသည်ဖြင့် ကြုံးဝါးနေ၏။

ဤစကားများသည် ဖလက်ချာဖင်ယော်၏ ဦးခေါင်းတွင်း၌ သာယာညှင်းပျောင်းလှသော အသံမျိုးဖြင့် ပေါ်လာကြသော်လည်း သူ့အား အထိတ်တလန့် ဖြစ်သွားစေ၏။ လေထဲတွင် ဂယိမ်းဂယိုင် ဖြစ်သွားရလောက်အောင် သူ ထိတ်ထိတ်ပြာပြာ ဖြစ်သွား၏။

"ဖလက်ချာ ဖင်ယော်။ ဒါလောက်လဲ သူတို့အပေါ် မရက်စက်ပါနဲ့။ မင်းကို သူတို့က ဖဲကြဉ်လိုက်တာ သူတို့သာ အနာတရ ဖြစ်သွားတာပဲ။ တစ်နေ့ကျ သူတို့သိလာမှာပဲ။ မင်း အခု မြင်တာကို သူတို့လဲ တစ်နေ့ကျ မြင်လာလိမ့်မပေ့ါ။ သူတို့ကို ခွင့်လွှတ်ပြီး နားလည်လာအောင် သူတို့ကို ကူညီပါ။"

ဤအသံများသည်ကား ဖလက်ချာဖင်ယော်၏ ညာဘက် တောင်ပံများနှင့် တစ်လက်မမျှ ကပ်မြှောင်လျက် လိုက်လံပျံသန်းနေသော အခြားဖင်ယော်တစ်ကောင်၏ စကားများတည်း။ ယင်းဖင်ယော်သည် လောကဓာတ်ကြီးတစ်ခုလုံးတွင် အတောက်ပဆုံး ဖင်ယော်ဖြူဖြစ်၏။ ဖလက်ချာဖင်ယော်သည် သူ၏ အမြန်ဆုံး အမြန်နှုန်းဖြစ်လှ နီးနီးနှုန်းဖြင့် ပျံသန်းနေ၏။ မျက်နှာစိမ်း ဖင်ယော်သည် အမွေးအမျှင် တစ်ပင်တစ်လေမျှပင် မလှုပ်ဘဲ သူ့ဘေးက အသာကလေး အလွယ်တကူ လိုက်ပျံနေ၏။

ဖလက်ချာ ဖင်ယော်သည် ခဏကြာမျှ ခေါင်းရှုပ်သွား၏။

"ဘာဖြစ်နေတာလဲ၊ ငါများ ရူးသွားလေရော့ သလား။ ငါများ သေသွားလေရော့သလား။ ဘာလဲဟ"

ဤအသံများသည် သူ၏စိတ်ထဲ၌ တိုးတိုးကလေးဖြင့် အဖြေကိုသာ ဆင့်ခေါ်နေ၏။ "ဖလက်ချာ ဖင်ယော်၊ မင်းအပျံတတ် ချင်သလား"

"ဟုတ်ကဲ့၊ ကျွန်တော် အပျံတတ် ချင်ပါတယ်"

"ဖလက်ချာ ဖင်ယော်၊ အပျံတတ်ချင်တဲ့ မင်းရဲ့ ဆန္ဒဟာ ပဓာမျှလောက် ကြီးမားသလဲ၊ မင်းရဲ့ ငှက်အုပ်ကို ခွင့်လွှတ်ပြီး ဒီမှာ အပျံသင်။ အပျံတတ်တော့ တစ်နေ့ကျ သူတို့ထံပြန်ပြီး သူတို့ သိမြင်လာအောင် သူတို့ကို မင်းကူညီမယ်ဆိုတဲ့ စိတ်မျိုး ရှိလာအောင်ကို မင်းရဲ့ ပျံချင်တဲ့ ဆန္ဒဟာ ကြီးမားရဲ့လား"

ဖလက်ချာ ဖင်ယော်သည် မည်မျှပင် စိတ်နာနေသည့် ငှက်မျိုး မည်မျှပင် မာနဂုဏ် မောက်နေသည့် ငှက်မျိုးတစ်ကောင် ဖြစ်နေ စေကာမူ၊ ဤကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသသော၊ အပျံလည်း အလွန်ကောင်းသော ဤသို့သော ဖင်ယော် ပုဂ္ဂိုလ်ကြီး တစ်ဦးကို လှည့်ပတ် ပြောဆိုနေ၍ မဖြစ်တော့၍၊ "ဟုတ်ကဲ့၊ ကြီးမားပါတယ်" ဟု ညင်သာစွာ ပြန်ဖြေလိုက်၏။

ထိုအခါ ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေသော ထိုပုဂ္ဂိုလ်က အလွန်ကြင်နာသော အသံဖြင့် ဤသို့ဆို၏။

"ဒီလိုဆို အလျားလိုက် ပျံမှုနဲ့ တို စကြစို့ . . . "

# အပိုင်း (၃)
# ဆရာမုနိ

ဝေးလံလှသော ကမ်းပါးစောက်များပေါ်တွင် ယောနသံသည် ဝဲပျံလျက်၊ ဖလက်ချာ ဇင်ယော်ဘက်ဆီသို့ မျက်စိအာရုံစိုက်နေသည်။ ဤတစောက်ကန်းလေး ဖလက်ချာသည် အတော်ဆုံး အပျံအတတ်သင် တပည့်တစ်ကောင် ဖြစ်လုနီးပါးမျှပင် အပျံကောင်းဘိသည်။ သူသည် လေထဲတွင် အားအင်အပြည့်နှင့် ပေ့ါပါးလျင်မြန်၏။ အရာရာထက်ပို၍ အရေးကြီးသော သူ့အရည်အချင်းသည်ကား ပျံသန်းခြင်း အတတ်ကို တတ်မြောက်ရန် မီးပွင့်လုမတတ် ပြင်းပြသော အသာဆန္ဒ ပေတည်း။

ဟော၊ ခုပင် သူလာပြီ။ မီးခိုးရောင် အဆင်းရှိ၍ ပုံသဏ္ဍာန် မကွဲပြားဘဲ မှုန်ရီမှုန်မွှားသာ မြင်ရသော အရာတစ်ခုသည် ကောင်းကင်မှ ထောင်လိုက် ဒိုင်ဗင်ထိုးဆင်းနေရာမှ ဖြုန်းကနဲ အလားလိုက် တရှူးရှူး အသံကျယ်ကြီးနှင့် တစ်နာရီလျှင် မိုင် (၁၅၀) နှုန်းဖြင့် ဆရာယောနသံအနီး ဖြတ်၍ ပျံသန်းသွား၏။ သည့်နောက် ရုတ်ခြည်းပင် သူသည် ထောင်လိုက် စောက်ထိုး ဝက်အူရစ်လှည့်ပျံပုံ ( အလှည့်ပေါင်း တစ်ဆယ့်ခြောက်ကြိမ် သတ်မှတ်ထားသော ပျံပုံ ) ကို ပျံလေ၏။ လှည့်လိုက်သည့် အခါတိုင်းတွင် အလှည့်၏ အမှတ်စဉ်ကို အော်ရွတ်၏။

“ . . . ရှစ် . . . ကိုး . . . တစ်ဆယ် . . . ဆရာယောနသံ၊ နေ့းသွား ပြန်ပြီ တဆယ့်တစ် . . . ဆရာ့လိုပဲ တိတိရိရိကလေး တန့်တန့်သွားချင်လိုက်တာ . . . တစ်ဆယ့်နှစ် . . . အို၊ တောက် မဖြစ်ပါလား . . . တစ်ဆယ့်သုံး . . . ဒီနောက်ဆုံး သုံးကြိမ် . . . မရ . . . တစ်ဆယ့် . . . အ . . . အ . . . အ . . . အမလေးဗျ”

သူသည် အကျတွင် အမျက်ဒေါသ ချောင်းချောင်းထွက်မိသောကြောင့် ကြာပွတ်ဖျားပမာ ပို၍အကျဆိုး၏။ စောက်ထိုးကြီး နောက်ပြန်ကျွမ်းဖြင့် တလိမ့်ခေါက်ကွေး မရှုမလှ အကျနာ၏။ နောက်ဆုံးပြန်၍ ထိန်းနိုင်သောအခါ သူ့ဆရာယောနသံ၏ အောက်ပေတစ်ရာတွင် တဟီးဟီး ဟိုက်နေ၏။

“ဆရာယောနသံရယ်၊ ဆရာ့အချိန်တွေကို ကျွန်တော် ဖြုန်းပစ်ရာ ကျနေပြီ၊ ကျွန်တော့်ကိုက အလွန်း တုံးလွန်းပါတယ်။ ထပ်တလဲလဲ လုပ်ပေမယ့် ကျွန်တော် ရလိမ့်မယ် မထင်ပါဘူး”

ဆရာ ယောနသံသည် သူ့ဆီကို ငုံကြည့်လျက် ခေါင်းတညိတ်ညိတ်ဖြင့် “မင်းက ဒိုင်ဗင်က အထွက်မှာ ဒါလောက် အားယူနေရသေးသမျှ ပတ်လုံး မင်း ဘယ်တော့မှ ရမှာ မဟုတ်ဘူး။ ဖလက်ချာ မင်းဟာ ဒိုင်ဗင်အဆုံးမှာ တစ်နာရီကို မိုင်လေးဆယ် လျော့သွားတာကိုး၊ ညင်ညင်သာသာလေး လျှောကနဲ ဖြစ်ရမယ်၊ မှတ်ထားနော်။”

ယောနသံသည် ဇင်ယော်ငယ်ရှိရာသို ဆင်းလာပြီးလျှင် "ကဲ၊ တိုနှစ်ယောက် ညီတူညာတူ လုပ်ကြည့်ကြဦးစို့။ ဒိုင်ဗင်ကအထွက်ကို သတိထားနော်။ သိပ်အားမစိုက်ရဘဲ လျှောကနဲ ချောချောမောမော ထွက်လာတာမျိုး ဖြစ်ရမယ်။"

သုံးလ ကုန်ဆုံးသောအခါ ယောနသံ၌ အခြားတပည့် ခြောက်ကောင်ရှိလာ၏။ အကုန်လုံးသည် အကြဉ်ခံများချည်း ဖြစ်၏။ စိတ်ချမ်းသာခြင်း အကျိုးမှလွဲ၍ အခြားမည်သည့် အကျိုးကိုမျှ လိုလားငဲ့ကွက်ခြင်း မရှိဘဲ ပျံသန်းမှု အတတ်ဆန်း အတတ်သစ် အကြောင်း နှိုက်နှိုက်ချွတ်ချွတ် သိလိုသူများချည်း ဖြစ်၏။

သိတစေလည်း သူတို့အဖို့ အောင်အောင်မြင်မြင် လေ့ကျင့်ရန်ကား မခက်။ အဘယ့်ကြောင့် ဤပျံသန်းခြင်း အတတ်ကို သင်ယူလေ့လာ နေကြရသနည်း ဟူသော နောက်ဆွယ်ရှိ ကျိုးကြောင်း ယုတ္တိအချက်စု၌ ဉာဏ်မျက်စိကွင်းကွင်း အသိလင်းအောင် အရည်လည်တဲ့နိုင်ရေးသည် လက်တွေ့ အပျံလေ့ကျင့်ရေးထက် ပို၍ သူတို့အတွက် ခက်နေ၏။

ယောနသံသည် သူတို့အား ညနေတိုင်း ညနေတိုင်း သောင်ပြင်ပေါ်တွင် ဤသို့ပြောပြလေ့ရှိ၏။

"တို့တတွေ ကိုယ်စီကိုယ်စီ စင်စစ်အားဖြင့်တော့ မဟာဇင်ယော်ကြီးရဲ့ ပုံပွားနာမ်တရားဓမ္မ တစ်ခုတစ်ခုစီပဲ။ ဘယ်အကန့်အသတ်မျိုး ဘယ်အချုပ်အချယ်မျိုးမျှ မရှိတဲ့ လွတ်မြောက်ရေးတရားကို ထိုးထွင်းသိမြင်တဲ့ ဉာဏ်ပညာ နာမ်ဓာတ် တစ်ခုတစ်ခုစီပဲ။ စံနှုန်းကိုက် ပျံသန်းခြင်းဆိုတာ တို့ရဲ့သဘာဝ အစစ်အမှန်ကို ထုတ်ဖော်ပြသဖို့ တက်လှမ်းရာ လှေခါးထစ် တစ်ထစ်ပဲ။ တို့ကို တုပ်ချည်ဖွဲ့နှောင်ထားတဲ့ အကန့်အသတ် အချုပ်အချယ်တိုင်းကို တို့ဖယ်ရှားပစ်ရမယ်။ ဒီအမြန်နှုန်း အနှေးနှုန်း ကောင်းကင်ဂျမ်းဘားစတဲ့ အတတ်များကို တို့အခု သင်ယူလေ့လာနေရတာဟာ ဒီအတွက်ပဲ . . . "

. . . သူ၏ တပည့်များသည် တနေ့ကုန် အပျံကျင့်ရာမှ ခြေကုန်တောင်ပန်းကျ၍ အိပ်ပျော်နေကြကုန်၏။ သူတို့သည် လေ့ကျင့်မှုကို လိုလိုလားလားဖြင့် နှစ်ခြိုက်ကြ၏။ လေ့ကျင့်ရာတွင် လျင်မြန်ခြင်းလည်း ရှိ၍ စိတ်တက်ကြွခြင်းလည်း ရှိ၏။ လေ့ကျင့်ခြင်းသည် တတ်မြောက်လိုစိတ်ကို ငန်းငန်းတက် ဖြစ်စေ၏။ လေ့ကျင့်လေလေ တတ်မြောက်ချင်လေလေ ဖြစ်ကြ၏။ သို့တစေလည်း စိတ်ဓာတ် အကြံအစည် အထင်အတွေး အလိုဆန္ဒစသော နာမ်တရားများ၏ ပျံသန်းမှုသည်လည်း လေဓာတ်၊ မြေဓာတ် အမွှေးအတောင် ရုပ်တရားများ၏ ပျံသန်းမှုကဲ့သို့ပင် ဧဝကန် အရှိအမှန် ဖြစ်နိုင်သည်ကို တပည့်အားလုံးအနက် မည်သည့်တပည့် တစ်ကောင်တစ်လေမျှ ဖလက်ချာဇင်ယော် အပါအဝင် သက်ဝင် ယုံကြည်လာခြင်း မရှိသေးချေ။

ယောနသံက အခြားသောအခါများ၌ ပြောဆိုသွန်သင်လေ့ ရှိသည်မှာ "မင်းတို့ရဲ့ ကိုယ်ခန္ဓာ တစ်ခုလုံး အတောင်ဖျားတစ်ခုက အခြား အတောင်ဖျား အထိဟာ မင်းတို့ မြင်သာအောင် အသွင်သဏ္ဌာန် တစ်မျိုးနဲ့ ပေါ်နေရတဲ့ မင်းတို့ရဲ့ စိတ်သာ ဖြစ်တယ်ဆိုတာ မှတ်ထားကြ။ မင်းတို့ရဲ့ နာမ်ခန္ဓာကို တုပ်နှောင်ခတ်ချည်ထားတဲ့ သံကြိုးတွေဟာလဲ ပြတ်သွားတာပဲ . . ." ယောနသံကိုယ်တိုင် အမျိုးမျိုး အပြားပြားသော ပရိယာယ် နည်းဥပါယ် အထွေထွေဖြင့် ရှင်းပြောသော်လည်း သူတို့အဖို့ နားဝင်ပီယံဖြစ်သော ပုံပြင်ဝတ္ထုကို ကြားနာနေရ ဘိသကဲ့သို့သာ ဖြစ်၏။ သူတို့သည် အိပ်ချိန်ကိုသာ ပို၍လိုလား၏။

နောက်တစ်လကြာလေသော် ဆရာယောနသံသည် . . .

"ကဲ၊ ငှက်အုပ်ဆီကို တို့ပြန်သွားကြဖို့ အချိန်တန်ပြီ" ဟု ဆိုလိုက်သည်။

"ကျွန်တော်တို့ အသင့် မဖြစ်သေးပါဘူး" ဟု ကယ်လ်ဗင် ဇင်ယော်က ဆို၏။ "ကျွန်တော်တို့ကို သူတို့က ဆီးကြိုမှာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ဟာ အကြဉ်ခံတွေပါ၊ ကျွန်တော်တို့ကို လက်မခံမဲ့နေရာကို ဘယ်ပြန်လို့ဖြစ်မလဲ"

"တို့ဟာ တို့အလိုရှိတဲ့ နေရာဘယ်နေရာကို မဆို တို့ပေါက်ရောက်နိုင်အောင် တို့ဟာ လွတ်မြောက်နေတယ်။ တို့ဘာပဲ ဖြစ်ချင်ဖြစ်ချင် ဖြစ်နိုင်အောင်လဲ တို့ဟာလွတ်မြောက်နေတယ်။" ဤစကားများ အဆုံးတွင် ယောနသံသည် သဲပြင်အထက်သို့ တက်၍ အရှေ့အရပ်ဘက်သို့ လှည့်လျက် ငှက်အုပ်နေရာ မြေကြီးဘုံသို့ ပျံလေ၏။

တပည့်တို့သည် ခေတ္တခဏ စိတ်ဒုက္ခ ဖြစ်ရလေ၏။ ငှက်အုပ်၏ ထုံးစံအတိုင်း အကြဉ်ခံငှက်ဟူသည် ဘယ်သောအခါမျှ ပြန်လာခွင့် မရှိစေရ ဟူသော ဥပဒေကြီးတစ်ရပ် ရှိလေ၏။ နှစ်ပေါင်းတစ်သောင်းမျှ အတွင်းတွင် ထိုဥပဒေကို ကျူးလွန်သောအမှုဟူ၍ တစ်မှုသော်ပင် မဖြစ်ခဲ့စဖူး။ ဥပဒေက "ဒီမှာနေ" ဟု ဆို၏။ ယောနသံကမူ "ဒီမှာ မနေနဲ့၊ ပြန်ကြ" ဟု ဆို၏။ ယခုဆိုလျှင် ယောနသံသည် ပင်လယ်ထဲတွင် တစ်မိုင်ခန့် ခရီးတွင်ပြီး ဖြစ်လိမ့်မည်။ သူတို့သာ ဤကဲ့သို့ မတင်မကျဖြစ်ကာ တွန့်ဆိုင်းနေကြလျှင် ဆရာယောနသံသည် ရန်လိုသော ငှက်အုပ်တွင်းသို့ တစ်ကောင်တည်း ရောက်သွားရှာလိမ့်မည်။

"ကဲ၊ တို့တတွေဟာ ငှက်အုပ်ထဲက ငှက်တွေ မဟုတ်တော့တာမို့ ငှက်အုပ်ဥပဒေကို တို့လိုက်နာဖို့ မလိုဘူး။ လိုကြသေးလားကွ" ဟု ဖလက်ချာ ဇင်ယော်က ရှက်ကိုးရှက်ကန်းနှင့် ဆိုလိုက်၏။

"ဒီပြင်အကြောင်းတွေလဲ ရှိသေးတယ်။ ဟိုမှာများ ရန်ပွဲဖြစ်ရင် တို့ ဒီမှာရှိနေတာထက် ဟိုမှာရှိနေတာက ဆရာယောနသံအဖို့ ပိုကောင်းတဲ့ အကူအညီဖြစ်လိမ့်မယ်။"

ထို့ကြောင့် သူတို့သည် ယောနသံကို အမှီလိုက်ကြလေ၏။ ထိုနေ့နံနက်တွင် ဦးရေအားဖြင့် ရှစ်ကောင်သည် အနောက်အရပ်မှ နန္ဒင်းမကင်း နှစ်ဆင့်ပုံစံဖြင့် ပျံသန်းသွားကြ၏။ တစ်ဦး၏ တောင်ပံများသည် အခြားတစ်ဦး၏ တောင်ပံများနှင့် အထက်အောက် ထိလုမတတ်ရှိ၏။ ငှက်အုပ်ကောင်စီ စည်းဝေးနေကျဖြစ်သော ကမ်းခြေသောင်ပြင်ပေါ်သို့ တစ်နာရီလျှင် (၁၃၅) မိုင်နှုန်းဖြင့် ရောက်လာကြကုန်၏။ ဆရာ ယောနသံက ထိပ်ဆုံးက ခေါင်းဆောင်ပြု၍၊ ဖလက်ချာက သူ၏ လက်ယာဘက်တွင် ညက်ညောစွာ ပျံလျက်၊ ဟင်နရီ ကယ်လ်ဗင်က လက်ဝဲဘက်တွင် တပျော်တပါး၊ ထိုငှက်စုသည် တစ်ကောင်တစ်စပ်တည်း ဖြစ်ဘိသည့်အလား လက်ယာဘက်သို့ ဖြေးညင်းစွာ လိမ့်ချလိုက်၏။ ခုဆို . . . အလျားလိုက် . . . တပြေးတညီတည်း။ . . . ထိုမှ . . . ပြောင်းပြန် . . . ထိုမှ . . . တပြေးတညီတည်းသို့ . . . သူတို့အားလုံး အပေါ်၌ လေထုသည် ကြာပွတ်ရိုက်သံကဲ့သို့ မြည်ဟီးလျက်ရှိ၏။

အောက်သောင်ပြင်တွင် ရှိနေသော ဇင်ယော်ငှက်အုပ်ကြီး၏ တဂပ်ဂပ် တဂီတဂီ ဟောင်ဟောင် ကျည်ကျည် မြည်တမ်းလျက် နေ့တဓူဝ သွားလာလှုပ်ရှားနေမှု အစဉ်သန္တာန်ကြီးသည် အထက်ကောင်းကင်ယံရှိ ဤငှက်စုဟူသော ဓားမကြီးဖြင့် အဖြတ်ခံလိုက်ရ ဘိသကဲ့သို့ တိကနဲ ပြတ်တောက်သွား၏။ ဇင်ယော်မျက်စိပေါင်း ရှစ်ထောင်သည် မျက်တောင် တစ်ချက် မခတ်ဘဲ အပေါ်သို့ မော်ကြည့်နေကြကုန်၏။ ယောနသံ၏ တပည့်များသည် တစ်ကောင်ပြီး တစ်ကောင် အထက်သို့ ထောင်လိုက် စက်ဝိုင်းပုံ အပြည့်ပျံပြီးနောက် ငှက်အုပ်ကြီးကို ဝိုက်ပျံကာ သောင်ပြင်ပေါ်သို့ အနှေးပျံ ပျံလျက် ဖြုန်းကနဲ ဆင်းရပ်လိုက်၏။ ထိုနောက် ယောနသံသည် ဤအဖြစ်မျိုးမှာ နေ့စဉ်နေ့တိုင်း တွေ့နေကျ အဖြစ်မျိုးမို့ ရိုးနေဟန် အသွင်အမူဖြင့် တပည့်များ အပေါ် ဝေဖန်ချက်ထုတ်ခြင်း အလုပ်ကို စတင်လေသတည်း။ ယောနသံက လှောင်ပြုံးပြုံး၍ "ဦးဆုံး စပြောရမှာကတော့ မင်းတို့အားလုံးဟာ အုပ်စုအဖွဲ့မှာ နည်းနည်းနောက်ကျနေတယ်"

ဤငှက်စု ပြန်လာမှုသည် ဇင်ယော်ငှက်အုပ် လောကကြီးအဖို့ လျှပ်ပြက်၍ မိုးကြိုးပစ်လိုက် ဘိသို့ဖြစ်၏။ ဟိုငှက်တွေဟာ အကြဉ်ခံတွေဟော့၊ သူတို့ပြန်လာကြတယ်၊ ဒါ . . . မဖြစ်နိုင်ဘူး၊ ရန်ပွဲဖြစ်လိမ့်မည် ဟူသော ဖလက်ချာ၏ ဟောကိန်းမှာ ငှက်အုပ်ကြီး၏ ရုတ်ရက်ခတ်မှု ထဲတွင် ပျောက်ကွယ်သွား၏။

ငှက်အုပ်ကြီးထဲမှ ဇင်ယော်ငယ်အချို့က ဤသို့ဆို၏။ "အေး၊ ဟုတ်တယ်လေ၊ သူတို့ဟာ အကြဉ်ခံတွေ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့်လို ဒီလို အပျံမျိုး ပျံတတ်အောင် သူတို့ ဘယ်များသွား သင်ခဲ့ကြပါလိမ့်"

ငှက်အုပ်ကြီး၏ အကြီးအကဲထံမှ ဆင့်ဆိုလိုက်သော အမိန့်တော်ကို ငှက်အုပ်တလျှောက်လုံး ပြန့်နှံ့ရန် စည်လည်စေရာ၌ တစ်နာရီနီးပါးကြာ၏။ သူတို့ကို အရေးမစိုက်ကြနဲ့။ အကြဉ်ခံတစ်ဦးကို စကားပြောတဲ့ ဇင်ယော်ဟာ၊ သူလဲ အကြဉ်ခံ ဖြစ်လိမ့်မယ်။ အကြဉ်ခံတစ်ဦးကို ကြည့်တဲ့ ဇင်ယော်ဟာလဲ ငှက်အုပ်ကြီးရဲ့ ဥပဒေကို ဖောက်ဖျက် ကျူးလွန်ရာ ရောက်တယ်။

မီးခိုးရောင် အမွေးအတောင်များနှင့် ပြီးသော ငှက်ကျောကုန်းအပေါင်းသည် ထိုအခိုက်မှစ၍ ယောနသံဘက်သို့ လှည့်ကြည့်ကြကုန်၏။ သို့သော် ယောနသံကား သိလိုက်ဟန်မတူ။ သူသည် သူ့တပည့်များအား ထိုငှက်ကောင်စီ ပရိသတ် ရှိနေသော သောင်ပြင် ပေါ်တွင်ပင် လေ့ကျင့်ခန်းများကို လုပ်ခိုင်း၏။ သူ တပည့်များကို အစွမ်းကုန် ကြိုးစားကြရန် ဖိခိုင်းလေတော့၏။

"မာတင်ဇင်ယော်" ဟု သူအော်ခေါ်လိုက်၏။ "အနှေးပျံနည်းကို မင်းတတ်ပြီလို့ ပြောတယ်။ ခု မင်းသက်သေ သက်ကန် မပြနိုင်ရင်တော့ မင်းပြောတာ အလကားပဲ။ ကဲ . . . ပျံပြစမ်းဟော့"

ထိုအခါ ရိုးရိုးကုပ်ကုပ် နေတတ်သော မာတင် ဝီလီယံ ဇင်ယော်ငယ်ကလေးသည် ဆရာ၏ အကြိမ်းအမောင်းကို ခံရ၍ လန့်ဖျပ်ပြီး ပျံပြလေရာ သူကိုယ်သူပင် မယုံနိုင်လောက်အောင် အနှေးပျံ ပျံတတ်သည့်အရာ၌ ဧတဒဂ် ရလေ၏။ လေပြေလေညှင်း အနုဆုံးမျိုးကို ရင်ဆိုင်ကာ သူသည် တောင်ပံ တစ်ချက်မျှ မခတ်ဘဲ အတောင်များကို ကိုင်းညွတ်ကာ သဲပြင်မှ တိမ်များသို့ သူကိုယ်သူ ပင့်မ တွန်းတင်နိုင်၏။ တိမ်များမှ သဲပြင်သို့ ပြန်အဆင်းတွင်လည်း ဤနည်းတူ အံ့ဖွယ်သရဲ။

ထိုအလားတူပင် ချားရော်လင် ဇင်ယော်လည်း တောင်လေကြီးကို စီး၍ ပေနှစ်သောင်း လေးထောင် အမြင့်သို့ တက်ကာ လေအေးကျဲကျဲထဲမှ ကိုယ်အသားများပင် ဖျော့တော့တော့ ပြာတာတာဖြစ်လျက် ပြန်ဆင်းလာ၏။ အံ့သြခြင်း ဝမ်းမြောက်ခြင်း ဖြစ်၏။ နက်ဖြန်ခါ ထိုထက်မြင့်အောင် ပျံဦးမည်ဟု စိတ်တင်း၍ ဆုံးဖြတ်၏။

ကောင်းကင် ဘားဂျွမ်းအတတ်ကို သူများတကာထက် ပို၍ မြတ်နိုးသော ဖလက်ချာ ဇင်ယော်သည် (၁၆) ကြိမ် လိမ့်ရသော ထောင်လိုက် အနှေးလိမ့်ဆင်းပုံကို အောင်မြင်စွာ ပျံပြနိုင်၏။ နောက်တစ်နေ့တွင် အချိုးပေါ် သကာလောင်း သကဲ့သို့ လှည်းဘီးသဏ္ဍာန် ဂျွမ်းသုံးပြန်ပင် ထိုးပြလိုက်သေး၏။ သို့ထိုးပြရာတွင် သူသည် သူ့အတောင်အမွေးများဖြင့် နေရောင်ကို ထင်ဟပ်၍ အောက်သောင်ပြင်ပေါ်သို့ လျှပ်ရောင်ပြက်ချ၏။ သောင်ပြင်ပေါ်မှလည်း တစ်စုံထက်ပိုများသော မျက်စိအချို့သည် အထက်သို့ တိတ်တခိုး လှမ်းကြည့်ကြကုန်၏။

ယောနသံသည် နာရီတိုင်း နာရီတိုင်း၌ သူ့တပည့်တစ်ကောင်စီ၏ နံဘေးတွင် ထက်ကြပ်မကွာ လိုက်ပျံ၍ စံပြပြုလုပ်ခြင်း၊ အကြံပေးခြင်း၊ ဖိခိုင်းခြင်း၊ လမ်းညွှန်ခြင်း ပြုလျက်ရှိ၏။

သူသည် သူ့တပည့်များနှင့်အတူ ညဥ့်အခါလည်း ပျံလျက်၊ တိမ်များကိုလည်း ဖောက်ထွင်းလျက်၊ လေမုန်တိုင်းများကိုလည်း ကျော်နင်းလျက် ရှိ၏။ ထိုစဉ်အခါ ငှက်အုပ်ကြီးသည် မြေကြီးတွင် အထိတ်တလန့် အပြွတ်အသိပ် ကသောကရော တိုးကြိတ်နေကြကုန်၏။ ဆင်းရဲဘိတောင်း။

အပျံသင်အလုပ် ပြီးစီးသောအခါ တပည့်များသည် သဲပြင်သို့ ဆင်းသက်၍ အနားယူကြ၏။ ယောနသံပြောဆိုသော စကားများကို သူတို့သည် တနေ့တခြား ပို၍ ဂရုတစိုက် နားထောင်လာကြ၏။ တပည့်များသည် ယောနသံပြောသော ကြောင်တက်တက် အချို့စကားအချက်များကို နားမလည်နိုင်ကြသော်လည်း အချို့စကားများကိုမူ ကောင်းစွာနားလည်၍ တန်ဖိုးထားကြ၏။

ထိုနောက် ညဥ့်အခါ၌ ဆရာယောနသံ၏ ပတ်ပတ်လည် တွင်ရှိသော တပည့်ငှက်ဝိုင်းသည် တစ်စတစ်စ တစ်ဝိုင်းမှ နှစ်ဝိုင်းဖြစ်လာ၏။ ဒုတိယဝိုင်းသည်ကား တခြားမဟုတ်၊ မှောင်ကြီးထဲတွင် လာရောက်ကြပြီး အချင်းချင်း ကြည့်လည်း မကြည့်ချင် အမြင်လည်း မခံချင်ပဲ တိတ်တခိုး ကြာမြင့်စွာ နားထောင်ကြပြီးနောက် မိုးမသောက်မီ တဖြည်းဖြည်း အလျှိုအလျှို ပျောက်ကွယ်သွားလေ့ရှိသော ( ငှက်အုပ်ကြီးထဲမှ ) ငှက်တစ်ချို့ များပေတည်း။

ယောနသံ၏ ပြည်တော်ပြန်နောက်ပိုင်း တစ်လအကြာတွင် ငှက်အုပ်ကြီးထဲမှ ငှက်တစ်ကောင်သည် ကြားနေမျဉ်းကို ဖြတ်ကျော်၍ ယောနသံထံ ပျံခြင်းအတတ်ကို လေ့လာသင်ယူလိုကြောင်းဖြင့် ခယဝပ်တွားလာ၏။ တဲရင့်လိုးဝဲလ် ဇင်ယော်ပင်ဖြစ်၏။ ငှက်အုပ်သည် သူ့အား ရှုံချခြင်း အကြဉ်ခံ တံဆိပ်ခတ်ခြင်းပြု၏။ သူသည် ယောနသံ၏ ရှစ်ကောင်မြောက် တပည့်ဖြစ်၏။

နောက်တညတွင် ငှက်အုပ်ကြီး အတွင်းမှ ကတ်မေးနဒ် ဇင်ယော်သည် သူ့လက်ဝဲတောင်ပံကို ဒရွတ်ဆွဲလျက် ထိုယိမ်း ဤယိုင်ဖြင့် သောင်ပြင်ကို ဖြတ်ကျော်၍ ယောနသံ၏ ခြေရင်းတွင် ပြိုလဲဝပ်ဆင်းကာ သေလုမျောပါး အသံမျိုးဖြင့် "ကယ်တော်မူပါ ခင်ဗျာ၊ ပျံခြင်းအတတ်ထက် ကျွန်တော်ပိုပြီးလိုချင်တာ တခြားဘာမှ မရှိပါဘူး" ဟု တိုးတိုးကလေး ပြော၏။

ယောနသံက ဤသို့ သူ့အားပြော၏။ "ဒီလိုဆို လိုက်ခဲ့ ငါနဲ့အတူ မြေကြီးမှ အပေါ်သို့ တက်လိုက်ခဲ့။ ငါတို့ စ ပျံကြရအောင်"

"ဆရာ၊ ဆရာ မသိသေးဘူး ထင်တယ်။ ကျွန်တော့် အတောင်၊ ကျွန်တော် ဒီအတောင်ကို လှုပ်လို့မရဘူး"

"မေးနဒ် ဇင်ယော်၊ မင်းဟာ မင်းပဲ ဖြစ်နိုင်အောင်၊ မင်းဟာ မင်းကိုယ်အစစ် ဖြစ်နိုင်အောင် ဒီမှာအခု လွတ်မြောက်နေပြီကော။ မင်းရဲ့လမ်းပေါ်မှာ ဘာကမှ တားဆီးခြင်း မလုပ်နိုင်တော့ဘူးကွ။ ဒါဟာ မဟာဇင်ယော်ကြီးရဲ့ နိယာမဥပဒေပဲ၊ တကယ်ကို ရှိတဲ့ ဥပဒေကွ"

"ကျွန်တော် အခု ပျံနိုင်ပြီလို့ ပြောနေတာလား ခင်ဗျာ"

"မင်းလွတ်မြောက်နေပြီလို့ ငါပြောနေတာ"

ရုတ်ခြည်းပင် မေးနဒ်ဇင်ယော်သည် တောင်ပံများကို ဖြန့်လျက် ညဥ့်အမှောင်၏ လေထုထဲသို့ တက်လေ၏။ သူသည် အမြင့်ပေ ငါးရာမှ တအားကုန် ဤသို့ ဟစ်ကြွေးလိုက်၏။

"ငါပျံနိုင်ပြီ၊ ဟေ့ နားထောင်ကြစမ်း၊ ငါပျံနိုင်သဟေ့" အောက်မှ ငှက်အုပ်ကြီးသည် ဤသူ့အသံကြောင့် အိပ်ရာမှ နိုးလာကြ၏။

ငှက်အုပ်ထဲမှ ငှက်များသည် တဖြည်းဖြည်း ယောနသံရှိရာသို့ တစ်ကောင်စ နှစ်ကောင်စ လာရောက်နေကြ၏။ နေထွက်ချိန်ရောက်သော် တပည့်များ ဝိုင်းရပ်နေသော စက်ဝိုင်းအပြင်ဘက် ပတ်ပတ်လည်တွင် ဇင်ယော်ပေါင်း တစ်ထောင်နီးပါး ရှိလာ၏။ သူတို့သည် မေးနဒ်ဇင်ယော်ကို မယုံနိုင်သော မျက်စိဖြင့် ကြည့်နေကြ၏။ သူတို့ကို အခြားဇင်ယော်များ မြင်သွားကြမည်ကိုလည်း သူတို့ မကြောက်ကြတော့။ ယောနသံ ဇင်ယော်၏ စကားများကိုလည်း နားလည်ရန် ကြိုးစားအားထုတ် နေကြကုန်၏။

ယောနသံသည် အလွန်တရာမှ ရိုးရိုးစင်းစင်း ဖြစ်သော အကြောင်းအရာများကို ပြောဆို၏။

"ဇင်ယော်တစ်ကောင်အဖို့ ပျံခြင်းအတတ်ပညာဟာ လျော်ကန်တဲ့အတတ်ပဲ၊ ဇင်ယော်မျိုးရဲ့ သဘာဝ အစစ်အမှန်ဟာ လုံးဝ လွတ်မြောက်ခြင်း တရားပဲ။ အဲဒီ လွတ်မြောက်ခြင်းကို ဆန့်ကျင်တဲ့ အရာဟူသ၍ကို – ဘာပဲဖြစ်ဖြစ်၊ အယူသီးမှုပဲ ဖြစ်ဖြစ်၊ အချုပ်အချယ်ပဲ ဖြစ်ဖြစ်၊ ထုံးတမ်းအရ စည်းစနစ် အဓလေ့ အမူအရာ အပြုအကျင့်ပဲ ဖြစ်ဖြစ်၊ ဘယ်အသွင် ဘယ်ပုံနဲ့ ရှိနေတာပဲ ဖြစ်ဖြစ် – ပယ်ချ စွန့်ပစ်ရမယ်။"

"ပယ်ချ စွန့်ပစ်ရမယ် . . . "ငှက်စုထဲမှ အသံတစ်သံ ထွက်လာ၏။ ငှက်အုပ်ကြီးရဲ့ ဥပဒေသ ဖြစ်နေလဲဘဲ ဒီလိုပဲ လုပ်ရမှာလား"

ယောနသံက ဤသို့ဖြေကြား၏။ "လွတ်မြောက်ရေးသို့ ပို့ဆောင်တဲ့ ဥပဒေသဟာ တစ်ခုတည်းသော ဥပဒေ အစစ်ဖြစ်တယ်။ ဒါကလွဲလို့ တခြားဥပဒေ အစစ် မရှိ။"

အခြားအသံ တစ်သံကလည်း ဤသို့ဆိုသေး၏။ "ကျုပ်တို့လဲ ခင်ဗျားလိုပဲ ပျံနိုင်မယ်လို့ ခင်ဗျား ဘာကြောင့် ပြောနိုင်သလဲ၊ ခင်ဗျားဟာ တခြားဇင်ယော်တွေထက် ပိုပြီး ထူးခြားတယ်၊ ပါရမီလဲ ရှိတယ်၊ နတ်ဒေဝါမျိုးလဲ ဖြစ်တယ်၊ တခြား ငှက်တွေထက်လဲ မြတ်တယ်။"

"ဒီလိုဆို ဖလက်ချာ၊ လိုးဝဲလ်၊ ချာရိုလင် ဇင်ယော်တို့ကို ကြည့်လိုက်စမ်း။ သူတို့ကိုလဲ ထူးတယ် မြတ်တယ် ပါရမီရှိတယ်လို့ ဆိုဦးမှာလား၊ စင်စစ်တော့ သူတို့ဟာ ကျုပ်လို ခင်ဗျားတို့လိုပါပဲ၊ ဘာမှ ပိုမထူးပါဘူး။ ခင်ဗျားတို့နဲ့ သူတို့မှာ ခြားနားချက် တစ်ခုတည်းပဲ ရှိတယ်။ တစ်ခုတည်းဆိုမှ တခုတည်းပဲ။ အဲဒီခြားနားချက်ကတော့ သူတို့ဟာ သူတို့ကိုယ်သူတို့ စင်စင်ဘာ ဖြစ်နေတယ်ဆိုတာ စနားလည်ပြီး၊ အဲဒီ နားလည်တဲ့ဟာကိုလဲ သူတို့ဟာ စပြီး လက်တွေ့ ကျင့်သုံးနေကြတယ်"

ဖလက်ချာ ဇင်ယော် မှတပါး အခြားဇင်ယော်အားလုံးသည် နေမထိ ထိုင်မသာ တလှုပ်လှုပ် တရွရွ ဖြစ်ကုန်၏။ သူတို့ လုပ်ကိုင်လာခဲ့ သမျှ အားလုံးသည် ဤသည်မှ လွဲ၍ တခြား ဘာမျှ မဟုတ်ပါကလားဟု သူတို့ ခုမှ သဘောပေါက်ကြကုန်၏။

ငှက်များသည် အစုလိုက် အပြုံလိုက် နေ့စဉ်နေ့တိုင်း လာ၍မေးခြင်း ကြည်ညိုခြင်း ပူဇော်ခြင်း၊ ရှုံ့ချခြင်း လုပ်ကြကုန်၏။

## သေခြင်း

တမနက်တွင် အထက်တန်း အမြန်ပျံပုံ လေ့ကျင့်ခန်းပြီး၍ ဖလက်ချာက ယောနသံအား ဤသို့ပြောပြ၏။

“ခင်ဗျားဟာ မဟာဇင်ယော်ကြီးရဲ့ သားတော် ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် နှစ်ပေါင်းတစ်ထောင် ခေတ်ရှေ့ရောက်နေတဲ့ ဇင်ယော်ဖြစ်ရမယ်လို့ ငှက်အုပ်ထဲမှာ တီးတိုးပြောနေကြတာ ကြားခဲ့ရတယ်။”

ယောနသံသည် သက်ပြင်းချလိုက်၏။ “ဒါဟာ နားမလည်မှုရဲ့ ဘေးဒဏ်အပြစ်ဆိုး ထင်ပါရဲ့။ ပင်လယ်ဇင်ယော်တွေဟာ ခက်သားပဲ၊ သူတို့ဟာ မလိုတစ်မျိုး လိုတစ်မျိုးကွ။ လိုယင် သူတို့က မင်းကို ဘုရားလို့ သမုတ်ကြတယ်။ မလိုရင် မာရ်နတ်လို့ ခေါ်ကြပြန်တယ်။ ဖလက်ချာ၊ မင်းကော ဘယ်လိုထင်သလဲ၊ တို့ဟာ ခေတ်ရှေ့ ရောက်နေကြသလား”

အတော်ကြာကြာ အသံတိတ်နေပြီးမှ ဖလက်ချာက ဤသို့ ဖြေကြား၏။ “ဒီလို ပျံပုံပျံနည်းမျိုးတွေဟာ သိသူဖော်စား၊ မသိသူကျော်သွား ဆိုသလို သိတဲ့သူ ဘယ်သူမဆို ဖော်စားနိုင်အောင် တစ်သက်လုံးရှိနေတာပဲ။ အချိန်အခါ ခေတ်ဆိုတာနဲ့ ဘယ်လိုမှ မသက်ဆိုင်ပါဘူး။ အများကြိုက်ဖြစ်နေတဲ့ ဖက်ရှင်ရဲ့ ရှေ့ရောက်နေမှုသာ ဖြစ်ချင်ဖြစ်မှာ။ ဇင်ယော်အများစု ပျံပုံပျံနည်းရဲ့ ရှေ့ရောက်နေမှုပေါ့။”

ယောနသံသည် ခဏမျှ ပက်လက်လျှောချရန် လိမ့်လိုက်ပြီးလျှင် ဤသို့ပြော၏။ “အေး၊ ဒါလဲ ဟုတ်တုတ်တုတ်ရယ်၊ ခေတ်ရဲ့ ရှေ့ရောက်နေတယ် ဆိုတာလောက်တော့ မဆိုးဘူးပေါ့။”

နောက် ရက်သတ္တပါတ် တစ်ပတ်အကြာတွင် ဤသို့ဖြစ်၏။ အမြန်ပျံပုံ ပျံနည်း၏ မဟာဘုတ်အချက်များကို တပည့်သစ် တစ်စုအား လက်တွေ့လုပ်ပြနေစဉ် ဖြစ်၏။ ဖလက်ချာသည် ပေ (၇၀၀၀) အမြင့်မှ ထောင်လိုက် ဒိုင်ဗင်ထိုးချရာမှ ရရှိသော အဟုန်အရှိန်ဖြင့် မီးခိုးရောင်အဆင်းရှိ ကျည်ဆံတစ်ဆံပမာ သောင်ပြင်အထက် လက်မ အနည်းငယ် အမြင့်တွင် အလျားလိုက် ပျံနေစဉ် ငှက်သူငယ် တစ်ကောင်သည် အမေအမေဟု တဆာဆာ အော်လျက် ဖလက်ချာ၏ လမ်းကြောင်းထဲသို့ တိုက်ရိုက်ကြီး ဝင်ရောက်လာ၏။ ဖလက်ချာအဖို့ ရှောင်တိမ်းရန် တစက္ကန့်၏ ဆယ်ဖိုတစ်ဖို့ အချိန်သာ ရလိုက်၏။ ဖလက်ချာသည် တစ်နာရီလျှင် မိုင်(၂၀၀) ကျော်နှုန်းဖြင့် ပျံလျက်သား ဖြစ်နေရာမှ လက်ဝဲဘက်သို့ အားယူ၍ တိမ်းရှောင်လိုက်ရာ လိပ်သဲကျောက်ဖြင့် အတိပြီးသော ကမ်းပါးပြတ်တစ်ခုကို ဝင်တိုးမိလေ၏။

သူ့အဖို့ ထိုကမ်းပါးပြတ်သည် အခြားသော ဘုံတစ်ခု၏ အဝတွင်ရှိသော မဟာရံတံခါးကြီးနှယ် ဖြစ်၏။ ဝင်တိုးမိသော အခိုက်၌ ကြောက်ခြင်း၊ လန့်ခြင်း၊ မှောင်ခြင်း၊ မဲခြင်းတို့ ဖြစ်၏။ ထို့နောက် သူသည် ထူးဆန်းသော ကောင်းကင်ပြင် တစ်မျိုးတွင် မေ့တစ်ခါ သိတလှည့်ဖြင့် လွင့်မြောလျက်ရှိ၏။ စိုးရွံ့ခြင်း ကြေကွဲ ဝမ်းနည်းခြင်း ဖြစ်၏။

ယောနသံနှင့်အတူ ပထမဦးဆုံး တွေ့ရသည့်နေ့၌ သူကြားခဲ့ရသော အသံကိုပင် ယခုပြန်ကြားရ၏။ "တို့အလုပ်ရဲ့ အထာကဒီလိုကွ။ တို့ဟာ တို့ရဲ့ အကန့်အသတ် အချုပ်အချယ် တွေကို ကျော်နင်းနိုင်အောင် တစ်ဆင့်ပြီး တစ်ဆင့် ကြိုးစားရတာ။ သင်တန်းအစီအစဉ်ရဲ့ နောက်ပိုင်း အဆင့်ကို မရောက်ခင် ခုလို စောစောပိုင်းမှာ ကျောက်ဆောင်ကို ဖောက်ပြီး ပျံတဲ့အတတ်မျိုးကို တို့စမ်းကြည့်လေ့ ကြည့်ထ မရှိဘူး။"

"ဟော၊ ဆရာ ယောနသံပါလား"

"မဟာ ဇင်ယော်ကြီးရဲ့ သားတော်လို့လဲ ခေါ်ကြပါသေးတယ်ဗျာ" ဟု သူ့ဆရာ ယောနသံက ခပ်တည်တည်ပင် ခနဲ့လိုက်သေး၏။

"ဆရာ ဒီမှာ ဘာလုပ်နေသလဲ၊ ကျောက်ကမ်းပါးပြတ်လေ။ ကျွန်တော် သေ . . . . သေ . . . သေ . . . သေဘူးလား။ သ . . . သ . . . သေပြီးပြီ မဟုတ်လား"

"အို ဖလက်ချာရယ်၊ လာစမ်းပါ၊ စဉ်းစားကြည့်စမ်းပါ။ မင်း ခု ငါ့ကို စကားပြောနေတယ် မဟုတ်လား။ ပြောနေရင် မင်းမသေဘူး ဆိုတာ အရှင်းသားပဲ။ ကဲ . . . ပြောစမ်း၊ မင်းသေသွားသလား။ တကယ်စင်စစ် ဖြစ်ပျက်သွားတာ မင်းတကယ် လုပ်လိုက်တာဟာ မင်းရဲ့သိစိတ် အဆင့်ကို မင်းပြောင်းလဲ ပစ်လိုက်တာပဲ။ ရုတ်တရက် ရှောင်တခင်ပေါ့။ ကဲ အခု မင်းအတွက် ရွေးစရာ နှစ်ခုပဲ ရှိတယ်။ ဒီအဆင့်မှာပဲ ဆက်နေပြီး ပညာဆည်းပူးမလား။ ( စကားအလျဉ်းသင့်လို့ . . . ဒီအဆင့်ဟာ မင်းအခုလာခဲ့တဲ့ အဆင့်ထက် နည်းနည်းမြင့်တယ်။ ) ဒါမှမဟုတ်ရင် မင်းငှက်အုပ်ဆီကို ပြန်သွားပြီ ငှက်အုပ်နဲ့အတူတူ လေ့လာဆည်းပူးမလား။ အကြီးအကဲတွေကတော့ မင်းကို ဘေးအန္တရာယ် တစ်ခုခုနဲ့ တွေ့ပါစေလို့တောင် တောင့်တနေကြလေရဲ့။ ခု မင်းလုပ်လိုက်တာက သူတို့ကို ကျေးဇူးပြုလွန်သွားလို့ သူတို့တောင် တအံ့တသြ ဖြစ်နေကြတယ် . . . "

"ကျွန်တော် ငှက်အုပ်ဆီကိုပဲ ပြန်သွားချင်တာပေါ့။ ဒါပေမဲ့ တပည့်အသစ်တွေကို သင်ကြားပေးခါစပဲ ဖြစ်နေသေးတော့ . . . "

"ကောင်းပြီ၊ ဖလက်ချာ။ တို့ပြောပြောနေတဲ့ စကား၊ ကိုယ်ခန္ဓာဟာ ဘာမှမဟုတ်၊ စိတ်အကြံအစည် နာမ်တရားပဲ ဖြစ်တယ်ဆိုတာ မြဲမြဲမှတ်ထားနော် . . . "

ဖလက်ချာသည် သူ့ဦးခေါင်းကို ခါလျက် သူ့အတောင်ပံများကို ဖြန့်၍ မျက်စိများကို ဖွင့်လိုက်၏။ ထိုအခါ သူသည် ကမ်းပါးစောက်၏ အောက်ခြေရှိ သောင်ပြင်ပေါ်တွင် စုဝေးပြီးသား ဖြစ်နေသော ငှက်အုပ်ကြီး၏ ဗဟို၌ လားလား ရပ်လျက်သား ဖြစ်နေ၏။ သူက ပထမစ၍ လှုပ်ရှားလိုက်သောအခါ ငှက်အုပ်ကြီးထဲမှ တဂိဂိ တဂပ်ဂပ် ပွဲတင်ထပ်သော အသံကြီး ဖြစ်လာ၏။

"သူ အသက်ရှင်နေတယ်ဟေ့၊ သေပြီးတဲ့သူ အသက်ပြန်ရှင်တယ်"

"သူ့ကို အတောင်ဖျားနဲ့ တို့လိုက်သတဲ့။ သူ့ကို အသက်ပြန်ရှင်လာအောင် လုပ်လိုက်သတဲ့၊ မဟာဇင်ယော်ကြီးရဲ့ သားတော်ကတဲ့ဟေ့"

"မဟုတ်ပြန်ဘူးတဲ့၊ သူကငြင်းပြန်သဟေ့၊ သူဟာ မာရ်နတ်ဟေ့၊ မာရ်နတ်ဟေ့၊ ငှက်အုပ်ကို ဖျက်ဆီးဖို့ လာတာဟေ့"

ငှက်အုပ်ကြီးတွင် ဇင်ယော်ပေါင်း လေးထောင်ရှိ၏။ ဖလက်ချာ၏ အဖြစ်ကို ကြောက်ရွံ့ထိတ်လန့် နေကြ၏။ မာရ်နတ်ဟေ့ ဟု အော်လိုက်ကြသော အသံကြီးသည် သမုဒ္ဒရာ တစ်ခုမှ လေပြင်းမုန်တိုင်းကြီးနှင့် တူဘိ၏။ ငှက်တို့သည် ချော်လောင်းထားသည့် ပမာ ပြောင်လက်နေသော မျက်စိများဖြင့် စူးရှ ထက်မြနေသော နှုတ်သီးများဖြင့် သူတို့ကို ချေမှုန်းပစ်ရန် ဝိုင်းအုံလာကြ၏။

"တို့ ထွက်သွားရရင် မကောင်းဘူးလား၊ မင်းဘယ်လို သဘောရသလဲ၊ ပိုကောင်းလိမ့်မယ်လို့ မင်းမထင်ဘူးလား ဖလက်ချာ" ဟု ယောနသံက မေးလိုက်ရာ . . .

"ကျွန်တော် ကန့်ကွက်စရာ သိပ်မရှိလှပါဘူး" ဟု ဖလက်ချာက ဖြေ၏။

တမုဟုတ်ချင်းပင် သူတို့ ဆရာတပည့် နှစ်ယောက်သည် မိုင်ဝက်ခန့် အဝေးတွင် အတူတူရပ်လျက်သား ဖြစ်နေ၏။ ငှက်အုပ်၏ ဝင်းလက်တောက်ပြောင်သော နှုတ်သီးများသည် လေဟာပြင် ဟင်းလင်းကိုသာ ဝိုင်းအုံမိကြကုန်၏။

ယောနသံသည် သူကြံရာမရအောင် ဖြစ်နေသည့် သူ့ပဟေဠိကို ဤသို့ ထုတ်ဖော်ပြောဆိုနေ၏။ "ငှက်တစ်ကောင်ကို မင်းဟာ လွတ်မြောက်နေပြီ၊ ဒါဟုတ် မဟုတ်ကိုလဲ မင်းကိုယ်တိုင် အချိန် အနည်းငယ် စမ်းသပ်လေ့ကျင့်ပြီး စစ်ဆေးနိုင်တာပဲလို့ ယုံလာအောင် ပြောရတဲ့အလုပ်ဟာ ကမ္ဘာမှာ အခက်ဆုံးအလုပ် ဖြစ်နေရတာလဲ။ ဘာဖြစ်လို့ ဒါလောက်တောင် ခက်နေရတာလဲ"

ဖလက်ချာမှာ ချက်ချင်းဆိုသလို ရှုခင်းပြောင်းသွားသည်ကို မျက်စိကလယ်ကလယ်နှင့် အံ့သြလျက်ပင် ရှိနေသေး၏။

"ဆရာ ဘာလုပ်လိုက်တာလဲ၊ ကျွန်တော်တို့ ဒီကို ဘယ်လိုလုပ် ရောက်လာကြတာလဲ"

"ငှက်အုပ်ရဲ့ အပြင်ဘက်ကို ရောက်ချင်လိုက်တာလို့ မင်းပဲ ခုနက တောင့်တလိုက်တယ် မဟုတ်ဖူးလား"

"ဟုတ်တယ်လေ၊ ဒါပေသည့် ဘယ်လိုဆရာ . . . "

"ဖလက်ချာရယ်၊ အခါတိုင်းလိုပေါ့။ လေ့ကျင့်ရင် ဖြစ်တာချည်းပေါ့ကွ။"

## ချစ်ခြင်းတရားတော်မြတ်

မိုးသောက်လေလျှင် ငှက်အုပ်သည် သူတို့၏ အရူးအနှမ်း ဖြစ်ခဲ့ပုံကို မေ့သွားလေပြီ။ သို့သော် ဖလက်ချာမူ မမေ့။

“ဆရာ ယောနသံ မှတ်မိသေးသလား။ ဆရာပြောခဲ့တာတော့ ကြာလှပါပြီ။ ငှက်အုပ်ဆီကို ပြန်သွားပြီး အပျံတတ်လာကြရအောင် သင်ပေးချင်တဲ့ စိတ်ဆန္ဒမျိုး ပေါ်လာသည်အထိ ငှက်အုပ်အပေါ် ချစ်ခြင်းတရားတော်မြတ်ကို ပွားရမယ်ဆိုတာလေ”

“အေး၊ မှတ်မိသားပဲ။”

“ဆရာ့ကို သတ်ဖို့ ကြိုးစားတဲ့ ငှက်အုပ်ကို ဆရာက ဘယ်လိုပြန်ပြီး ချစ်မေတ္တာထားနိုင်အောင် လုပ်နိုင်သလဲဆိုတာ ကျွန်တော်ဖြင့် နားမလည်နိုင်ဘူး။”

“အို ဖလက်ချာရယ်။ မင်းဟာ ဒါတွေကိုပဲ မချစ်ရမှာ၊ မစွဲလမ်းရမှာကွ၊ မုန်းတီးခြင်းဆိုတာနဲ့ မကောင်းမှုဆိုတာတွေကို ချစ်မနေရဘူး။ စွဲလမ်းမနေရဘူး။ မင်းဟာ ဇင်ယော် အစစ်အမှန်ကို မြင်အောင်ကြည့်ရမယ်။ မြင်အောင် အားထုတ်ပြီး ကြည့်ရမည်။ ဇင်ယော်တိုင်း ဇင်ယော်တိုင်းရဲ့ အတွင်းသန္တာန် ထဲမှာ ရှိနေတဲ့ အကောင်းတွေကို မင်းမြင်အောင် ကြည့်နိုင်ဖို့ အားထုတ်ရမယ်။ ဒါတင် မဟုတ်သေးဘူး။ သူတို့ကိုယ်တိုင်လည်း ဒီအကောင်းတွေကို မြင်လာကြရအောင် သူတို့ကို မင်းက အကူအညီပေးရမယ်။ ချစ်ခြင်းတရားတော်မြတ်ဆိုတာ ဒါမျိုးပဲလို့ ငါဆိုလိုတာပဲ။ ချစ်ခြင်းတရားတော်မြတ်ရဲ့ အထာကို မင်းသိလာရင် ပျော်စရာကောင်းတာကွဲ့။”

"သာဓကေ ကလေးတစ်ခု ပြောရမယ်ဆိုရင်။ အင်မတန်မှ ကြောက်စရာကောင်းတဲ့ ငှက်ငယ်ကလေး တစ်ကောင်ကို ငါမှတ်မိနေသေးတယ်။ သူ့နာမည်က ဖလက်ချာ ဇင်ယော်တဲ့။ အကြည်ခံ ဖြစ်တာ မကြာလှသေးဘူး။ ပူပူနွေးနွေး အပယ်ခံ တစ်ကောင်ပဲ ဆိုပါတော့။ သူသေတဲ့ အထိ ငှက်အုပ်ကို ပြန်တိုက်မယ်ဆိုပြီး အံတခဲခဲနဲ့ ရန်စစ်ပြိုင်ဖို့ အသင့်ပေါ့။ ဝေးလံလှတဲ့ ကမ်းပါးစောက်များပေါ်မှာ ခါးသည်းလှတဲ့ သူ့ငရဲဘုံကို သူစဆောက်လိုက်ပြီး နေလိုက်ရာက ဟော . . . အခုဆို ဒီနေ ဒီနေရာမှာ သူဟာ သူ့ရဲ့ ချမ်းမြေ့ရိပ်မြုံကို ဆောက်နေရက်သား ဖြစ်နေပြီး၊ ငှက်အုပ် တစ်အုပ်လုံးကိုလည်း အဲဒီချမ်းမြေ့ ရိပ်မြုံဆီဘက်ကို လမ်းညွှန်ဦးဆောင် နေရက်သား ဖြစ်နေပါပကော။"

ဖလက်ချာသည် သူ့ဆရာဘက်သို့လှည့်၍ မျက်စိများတွင် ခေတ္တမျှ ကြောက်စိတ်ပေါ်လျက် ဤသို့ ပြော၏။ . . .

"ကျွန်တော်က ဦးဆောင်။ ဆရာက ဘာကို ဆိုလိုတာလဲ။ ကျွန်တော်က လမ်းညွှန်။ ဆရာထွက်သွားလို့ ဘယ်ဖြစ်နိုင်ပမလဲ။"

"ဘာကွ။ ငါထွက်မသွားနိုင်ဘူး။ ဟုတ်လား။ တခြား ငှက်အုပ်တွေလဲ ရှိကြဦးမှာဆိုတာ၊ တခြား ဖလက်ချာတွေလဲ ရှိကြလေဦးမယ် ဆိုတာ၊ မောဟမှောင်ကြီးကို ဖျက်ဆီးထွန်းပြောင်စေတဲ့ အလင်းရောင် အာလောကဆီကို ခုဦးတည်ချီတက်နေနိုင်တဲ့ ဒီဖလက်ချာထက် သူတို့တတွေက ဆရာ ပိုလိုနေလိမ့်မယ်ဆိုတာကို မင်းမရိပ်စားမိဘူးလား"

"ကျွန်တော့်ကို ဆရာယောရယ်။ ကျွန်တော်ဟာ ဇင်ယော်ပြိန်း တစ်ကောင်ပါ။ ဆရာကတော့ . . . "

"မဟာဇင်ယော်ကြီးရဲ့ ဇကပုတ္တ တစ်ဦးတည်းသော သားတော်ဖြစ်ပါတယ်လို့ ငါဆက်ပြောလိုက်ရော့မယ်။ မရှုးစမ်းပါနဲ့ကွယ်။" ယောနသံသည် သက်ပြင်းချပြီးလျှင် ပင်လယ်ဘက်သို့ မျှော်ကြည့်လိုက်ရင်း ဤသို့လည်း ဆက်ပြောသေး၏။

"ငါ့ကို မင်းမလိုတော့ပါဘူး။ မင်းဟာ မင်းကိုပဲ ဆတ်ဆတ်ကြီး တွေ့မြင်ရအောင်ပဲ လုပ်ဖို့လိုတယ်။ တနေ့ထက်တနေ့ နည်းနည်း နည်းနည်း ပိုပိုတွေ့လာအောင်ပေါ့။ ဒီအကန့်အသတ် အချုပ်အချယ် ကင်းနေတဲ့ ဖလက်ချာကို၊ ဒီအစစ်အမှန်ဖြစ်တဲ့ ဖလက်ချာကို တွေ့တွေ့လာအောင်ပေါ့။ ဒီဖလက်ချာသာ မင်းရဲ့ဆရာကွ။ မင်းဆက်လုပ်ရမှာက သူ့ကို တကယ်နားလည်လာအောင် သူ့ကို လေ့ကျင့်ပေးဖို့ပဲ။"

တခဏမျှ ကြာသောအခါ ယောနသံ၏ ကိုယ်ခန္ဓာသည် လေထဲတွင် ယိမ်းယိုင်၍ အရောင်ပြက်ပြက် ဖိတ်ဖိတ်လက်လာပြီးလျှင် ထုတ်ချင်းခတ် ထိုးဖောက်မြင်နိုင်လောက်အောင် စ၍ ကြည်လင်လာ၏။ "ဟေ့၊ ငါ့အကြောင်း မဟုတ်တယုတ် ကောလဟာလ သတင်းတွေ သူတို့ လျှောက်မလွှင့် စေနဲ့နော်။ ငါ့ကို ဘုရားတစ်ဆူ ဖြစ်အောင်လဲ မလုပ်စေနဲ့နော်၊ ဟုတ်လား၊ ဖလက်ချာ။ ငါဟာ ဇင်ယော်တစ်ကောင်ပါပဲ။ ပျံနေချင်တာပါပဲ။"

"ဆရာ ယောနသံ"

"သနားလိုက်လေ၊ ဖလက်ချာရယ်။ မင်းရဲ့ မံသ မျက်စိတွေက ပြောပြနေသမျှကို မင်းမယုံလေနဲ့။ အဲဒီမျက်စိတွေက မင်းကို ပြနေတာအားလုံးဟာ အကန့်အသတ် အချုပ်ချယ်တွေသာ ဖြစ်တယ်ကွ။ ဘာကိုမဆို အမြင်အသိနဲ့သာ မဟုတ်ပဲ ပညာသိနဲ့ နားလည်ဖို့ မြင်အောင်ကြည့်။ မင်းကိုယ်တိုင် သိနှင့်ပြီးသားဟာ ဘာလဲဆိုတာကို တွေ့အောင်ရှာကြည့်။ ဒါတွေကို မင်းလုပ်ရင် ပျံသန်းခြင်း အတတ်ရဲ့ မဂ္ဂင်လမ်းကိုသာ မင်းမြင်လာလိမ့်မယ်။"

လက်ကနဲ လက်ကနဲ အရောင်ပြက်ခြင်းသည် ရပ်စဲသွား၏။ ထို့နှင့်အတူ ယောနသံ ဇင်ယော်လည်း လေထုဟင်းလင်းအတွင်း ကွယ်လေသတည်း။

ကာလကြာလတ်သော် ဖလက်ချာဇင်ယော်သည် ကောင်းကင်ယံသို့ လေးကန်နှေးကွေးစွာတက်၍ ရှေးဦးသင်ခန်းစာကို လိုလိုလားလားကြီး ငံ့လင့်လျက်ရှိသော ငှက်ကျောင်းသားသစ် တစ်စုကို မျက်နှာချင်း ဆိုင်လေ၏။

"စ ပြောရမှာကတော့" သူက လေးလံသော အသံဖြင့် ပြော၏။ "မင်းတို့ နားလည်ထားရမှာက . . . ပင်လယ်ဇင်ယော်ဆိုတာဟာ အကန့်အသတ် အချုပ်အချယ်ကင်းတဲ့ လွတ်မြောက်ရေးဆိုတဲ့ နာမ်တရားဓမ္မ တစ်ခုဖြစ်တယ်။ မဟာဇင်ယော်ကြီးရဲ့ နိမိတ်ပုံလဲဖြစ်တယ်။ နောက်ပြီး မင်းတို့ရဲ့ ရုပ်ကိုယ်ခန္ဓာဟာ တစ်ဖက် အတောင်ဖျားက အခြားတစ်ဖက် အတောင်ဖျားအထိ မင်းတို့ရဲ့ စိတ်အကြံအစည် နာမ်တရားကလွဲလို့ တခြား ဘာမှမဟုတ်ဘူး ဆိုတာပဲ။"

ဇင်ယော်ငယ်များသည် သူ့ကို မျက်စိ ပေကလပ်ဖြင့် ကြည့်ကြ၏။ သူတို့က ခပ်ရွှင်ရွှင် ထင်လိုက်မိသည်မှာ ဘယ့်နှယ်ဆရာ၊ ဒီအပြောဟာ ထောင်လိုက် စက်ဝိုင်းပုံ ပျံနည်းဆိုင်ရာ နိယာမ တစ်ခုလဲ မဟုတ်ပါလား။

ဖလက်ချာသည် သက်ပြင်းချ၍ ပြန်စပြန်၏။ "အဟမ်း၊ အာ . . . ကောင်းပြီ။ ( တပည့်များအား ဝေဖန်သော မျက်စိမျိုးဖြင့် ကြည့်လျက်) ကဲ အလျားလိုက် တပြေးတည်း ပျံနည်းနဲ့ စကြစို့။" ဤစကားများကို ပြောရင်းပင် သူသည် ဆရာယောနသံ ရိုးသားစွာ ပြောခဲ့သည့် အတိုင်းပင်၊ ဆရာယောနသံနှင့် အညီအမျှ သူလည်း မွန်မြတ်သော သူတော်စင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေကြောင်းကို ချက်ခြင်း သဘောထိုးယိုပေါက်သွား၏။

အကန့်အသတ်များ မရှိဘူးလို့ ဆိုတယ်မဟုတ်လား၊ ဆရာယောနသံ။ ဤသို့တွေးမိ၏။ ဒီလိုဆို ကျွန်တော် ဆရာ့သောင်ပြင်ပေါ်မှာ လေထဲက ဖြန်းကနဲ ပေါ်လာပြီး ဆရာ့ကို ပျံခြင်းအတတ် တစ်ချက်နှစ်ချက် အပြလာခဲ့ဖို့ အချိန်ဟာ မဝေးတော့ပြီ။

ဖလက်ချာသည် သူ့တပည့်များအတွက် မျက်နှာ ခပ်တင်းတင်းထားရန် ကြိုးစားသော်လည်း သူသည် ရုတ်တရက် ရှောင်တခင် သူ့တပည့်များအားလုံးကို ယထာဘူတကျကျ ဟုတ်မှန်သည့်အတိုင်း မြင်နိုင်တုံဘိ ဉာဏ်မျက်စိနှင့် ထိုးထွင်းသိမြင်လိုက်၏။ တခဏသာကြာ၏။ သူမြင်လိုက်သည်ကို ဖက်လဲတကင်း နှစ်သက်ခြင်းထက် လွန်ကဲသော စိတ်ထားဖြစ်၏။ သူမြင်လိုက်သည်ကို သူချစ်ခြင်းတရားတော်မြတ် တဖွားဖွား ပွားလိုက်၏။ အကန့်အသတ်များ မရှိဘူးဆို။ ဆရာယောနသံ။ ဤသို့လည်း အတွေးရောက်မိ၍ သူပြုံးလိုက်၏။ ဖလက်ချာ ဇင်ယော်၏ ပညာဆည်းပူးမှုဟူသော အပြေးအလွှား ခရီးသည် ဤတွင် အစပြုလေသတည်း။

---

# Part One

It was morning, and the new sun sparkled gold across the ripples of a gentle sea. A mile from shore a fishing boat chummed the water. And the word for Breakfast Flock flashed through the air, till a crowd of a thousand seagulls came to dodge and fight for bits of food. It was another busy day beginning.

But way off alone, out by himself beyond boat and shore, Jonathan Livingston Seagull was practicing. A hundred feet in the sky he lowered his webbed feet, lifted his beak, and strained to hold a painful hard twisting curve through his wings. The curve meant that he would fly slowly, and now he slowed until the wind was a whisper in his face, until the ocean stood still beneath him. He narrowed his eyes in fierce concentration, held his breath, forced one... single... more... inch... of... curve... Then his feathers ruffled, he stalled and fell.

Seagulls, as you know, never falter, never stall. To stall in the air is for them disgrace and it is dishonor.

But Jonathan Livingston Seagull, unashamed, stretching his wings again in that trembling hard curve - slowing, slowing, and stalling once more - was no ordinary bird.

Most gulls don’t bother to learn more than the simplest facts of flight - how to get from shore to food and back again. For most gulls, it is not flying that matters, but eating. For this gull, though, it was not eating that mattered, but flight. More than anything else. Jonathan Livingston Seagull loved to fly.

This kind of thinking, he found, is not the way to make one's self popular with other birds. Even his parents were dismayed as Jonathan spent whole days alone, making hundreds of low-level glides, experimenting.

He didn't know why, for instance, but when he flew at altitudes less than half his wingspan above the water, he could stay in the air longer, with less effort. His glides ended not with the usual feet-down splash into the sea, but with a long flat wake as he touched the surface with his feet tightly streamlined against his body. When he began sliding in to feet-up landings on the beach, then pacing the length of his slide in the sand, his parents were very much dismayed indeed.

"Why, Jon, why?" his mother asked. "Why is it so hard to be like the rest of the flock, Jon? Why can't you leave low flying to the pelicans, the alhatross? Why don't you eat? Son, you're bone and feathers!"

"I don't mind being bone and feathers mom. I just want to know what I can do in the air and what I can't, that's all. I just want to know."

"See here Jonathan " said his father not unkindly. "Winter isn't far away. Boats will be few and the surface fish will be swimming deep. If you must study, then study food, and how to get it. This flying business is all very well, but you can't eat a glide, you know. Don't you forget that the reason you fly is to eat."

Jonathan nodded obediently. For the next few days he tried to behave like the other gulls; he really tried, screeching and fighting with the flock around the piers and fishing boats, diving on scraps of fish and bread. But he couldn't make it work.

It's all so pointless, he thought, deliberately dropping a hard-won anchovy to a hungry old gull chasing him. I could be spending all this time learning to fly. There's so much to learn!

It wasn't long before Jonathan Gull was off by himself again, far out at sea, hungry, happy, learning.

The subject was speed, and in a week's practice he learned more about speed than the fastest gull alive.

From a thousand feet, flapping his wings as hard as he could, he pushed over into a blazing steep dive toward the waves, and learned why seagulls don't make blazing steep pewer-dives. In just six seconds he was moving seventy miles per hour, the speed at which one's wing goes unstable on the upstroke.

Time after time it happened. Careful as he was, working at the very peak of his ability, he lost control at high speed.

Climb to a thousand feet. Full power straight ahead first, then push over, flapping, to a vertical dive. Then, every time, his left wing stalled on an upstroke, he'd roll violently left, stall his right wing recovering, and flick like fire into a wild tumbling spin to the right.

He couldn't be careful enough on that upstroke. Ten times he tried, and all ten times, as he passed through seventy miles per hour, he burst into a churning mass of feathers, out of control, crashing down into the water.

The key, he thought at last, dripping wet, must be to hold the wings still at high speeds - to flap up to fifty and then hold the wings still.

From two thousand feet he tried again, rolling into his dive, beak straight down, wings full out and stable from the moment he passed fifty miles per hour. It took tremendous strength, but it worked. In ten seconds he had blurred through ninety miles per hour. Jonathan had set a world speed record for seagulls!

But victory was short-lived. The instant he began his pullout, the instant he changed the angle of his wings, he snapped into that same terrible uncontrolled disaster, and at ninety miles per hour it hit him like dynamite. Jonathan Seagull exploded in midair and smashed down into a brick hard sea.

When he came to, it was well after dark, and he floated in moonlight on the surface of the ocean. His wings were ragged bars of lead, but the weight of failure was even heavier on his back. He wished, feebly, that the weight could be just enough to drug him gently down to the bottom, and end it all.

As he sank low in the water, a strange hollow voice sounded within him. There's no way around it. I am a seagull. I am limited by my nature. If I were meant to learn so much about flying, I'd have charts for brains. If I were meant to fly at speed, I'd have a falcon's short wings, and live on mice instead of fish. My father was right. I must forget this foolishness.

I must fly home to the Flock and be content as I am, as a poor limited seagull.

The voice faded, and Jonathan agreed. The place for a seagull at night is on shore, and from this moment forth, he vowed, he would be a normal gull. It would make everyone happier.

He pushed wearily away from the dark water and flew toward the land, grateful for what he had learned about work-saving low-altitude flying.

But no, he thought. I am done with the way I was, I am done with everything I learned. I am a seagull like every other seagull, and I will fly like one. So he climbed painfully to a hundred feet and flapped his wings harder, pressing for shore.

He felt better for his decision to be just another one of the Flock. There would be no ties now to the force that had driven him to learn, there would be no more challenge and no more failure. And it was pretty, just to stop thinking, and fly through the dark, toward the lights above the beach.

Dark! The hollow voice cracked in alarm. Seagulls never fly in the dark!

Jonathan was not alert to listen. It's pretty, he thought. The moon and the lights twinkling on the water, throwing out little beacon-trails through the night, and all so peaceful and still...

Get down! Seagulls never fly in the dark! If you were meant to fly in the dark, you'd have the eyes of an owl! You'd have charts for brains! You'd have a falcon's short wings!

There in the night, a hundred feet in the air, Jonathan Livingston Seagull - blinked. His pain, his resolutions, vanished.

Short wings. A falcon's short wings!

That's the answer! What a fool I've been! All I need is a tiny little wing, all I need is to fold most of my wings and fly on just the tips alone! Short wings!

He climbed two thousand feet above the black sea, and without a moment for thought of failure and death, he brought his forewings tightly in to his body, left only the narrow swept daggers of his wingtips extended into the wind, and fell into a vertical dive.

The wind was a monster roar at his head. Seventy miles per hour, ninety, a hundred and twenty and faster still. The wing-strain now at a hundred and forty miles per hour wasn't nearly as hard as it had been before at seventy, and with the faintest twist of his wingtips he eased out of the dive and shot above the waves, a gray cannonball under the moon.

He closed his eyes to slits against the wind and rejoiced. A hundred forty miles per hour! And under control! If I dive from five thousand feet instead of two thousand, I wonder how fast..

His vows of a moment before were forgotten, swept away in that great swift wind. Yet he felt guiltless, breaking the promises he had made himself. Such promises are only for the gulls that accept the ordinary. One who has touched excellence in his learning has no need of that kind of promise.

By sunup, Jonathan Gull was practicing again. From five thousand feet the fishing boats were specks in the flat blue water, Breakfast Flock was a faint cloud of dust motes, circling.

He was alive, trembling ever so slightly with delight, proud that his fear was under control. Then without ceremony he hugged in his forewings, extended his short, angled wingtips, and plunged directly toward the sea. By the time he passed four thousand feet he had reached terminal velocity, the wind was a solid beating wall of sound against which he could move no faster. He was flying now straight down, at two hundred fourteen miles per hour. He swallowed, knowing that if his wings unfolded at that speed be'd be blown into a million tiny shreds of seagull. But the speed was power, and the speed was joy, and the speed was pure beauty.

He began his pullout at a thousand feet, wingtips thudding and blurring in that gigantic wind, the boat and the crowd of gulls tilting and growing meteor-fast, directly in his path.

He couldn't stop; he didn't know yet even how to turn at that speed.

Collision would be instant death.

And so he shut his eyes.

It happened that morning, then, just after sunrise, that Jonathan Livingston Seagull fired directly through the center of Breakfast Flock, ticking off two hundred twelve miles per hour, eyes closed, in a great roaring shriek of wind and feathers. The Gull of Fortune smiled upon him this once, and no one was killed.

